# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၄၀)၊ ၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် ၊ ၅-၈-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတဦးညိုစောအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်တို့တက်ရောက်ကြပြီး “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးကို ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်လျက်ရှိမှု၊ ထိုသို့ဖိတ်ခေါ် ဆွေးနွေးဆောင်ရွက်ချိန်တွင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) မှ ယခုကဲ့သို့ လာရောက်တွေ့ဆုံခဲ့ခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ကောင်းမွန်သည့်လုပ်ဆောင်ချက်ဖြစ်မှု၊

**စာမျက်နှာ ၃ သို့** ❑



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ


### (၅)နှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး - ၂၀၂၆ ဖွင့်ပွဲ ကျင်းပ

## မြန်မာနိုင်ငံ နေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတကာမှ မြို့ပေါင်း ၁၉ မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာကို လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၄

(၅) နှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး-၂၀၂၆ (5th Anniversary International Transport Summit-2026) ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ The Carlton Hotel Ballroom ၌ ကျင်းပခဲ့ပြီး သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာ (Application of Transport Cooperation)လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ နေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတကာမှ မြို့ပေါင်း ၁၉ မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**စာမျက်နှာ ၄ သို့** ✳



## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ၇-၈-၂၀၂၆ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

**စာမျက်နှာ ၅ သို့** ○

## ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခြင်းအတွက် ဆုကြေးငွေကျပ် ၁၀၄၉ သိန်းကျော် ပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၄

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ကုန်းဘောင်ခေတ်၊ ဝေသာလီခေတ်နှင့် မြောက်ဦးခေတ်လက်ရာများဖြစ်သည့် ရွှေပန်းကနုတ်အပိုင်းအစ၊ ငွေဒင်္ဂါး၊ ကျောက်ကွင်း၊ ကျောက်ပုတီးစေ့၊ ကြေးအလေး၊ ကြေးခလောက်၊ ကြေးသတ္တုစပ်ပြား၊ မြေထည်ပစ္စည်းများစသည့် ရှေးဟောင်းဝတ္ထုပစ္စည်းအရေအတွက် စုစုပေါင်း ၁၁၇၃ ခုကို အပ်နှံခဲ့ခြင်းအတွက် အပ်နှံပေးသူများကို ဆုကြေးချီးမြှင့်ငွေကျပ် ၁၀၄၉ သိန်းကျော်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၄ သို့** ❖

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## အလုပ်လုပ်ခြင်းဖြင့် သင်၏ ဂုဏ်ကိုမြှင့်တင်ရမည်ဖြစ်

လူတစ်ယောက်၏ ဘဝစားဝတ်နေရေးတို့အတွက် မလွဲမသွေ အလုပ်တွေကို လုပ်သွားကြရမည်ဖြစ်သည်။ အလုပ်လုပ်ခြင်းသည် လူ့တာဝန်ဝတ္တရားဖြစ်သည်။ ဘဝအတွက် ရှင်သန်စေခြင်းလည်း ဖြစ်သည်။ အလုပ်သည် စွမ်းရည်သတ္တိပြရမှု အလုပ်မှာ ကာယ လုပ်သား၊ ဉာဏလုပ်သားဟူ၍ရှိသည်။ လုပ်အားသည် တန်ဖိုးအမှန် ဖြစ်၍ မြတ်နိုးစရာ စွမ်းရည်လည်းဖြစ်သည်။ အလုပ်လုပ်ခြင်းဖြင့် သင်၏ဂုဏ်ကို မြှင့်တင်ရမည်လည်းဖြစ်သည်။

အလုပ်လုပ်သော ဘဝကို မြတ်နိုးဖို့လိုရာတွင် မိမိတို့မှာ တွန်းအားများစွာရှိသည်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆောင်ပုဒ်ရှိ နေသောကြောင့်ဖြစ်သည်။ ကိုယ့်ခွန်ကိုယ့်အားဖြင့် စိုက်ထုတ်ရ သည့် လုပ်ငန်းများအတွက် ဂုဏ်ယူကြသူများလည်း ဖြစ်ကြပါ၏ ဆိုသော တေးဖွဲ့သံကလည်း ရှိနေခဲ့ပြန်သည်။ ကိုယ်စီကံကောင်း ဖို့အတွက် ကိုယ်စီ အလုပ်လုပ်ကြရမည်ဖြစ်သည်။ ကံကောင်းခြင်း နှင့် ကံမကောင်းခြင်းတို့အကြားတွင် လူ့အား လူ့မှာန်နှင့် လူ့လုပ် အားများကြောင့် ဖြစ်ပေါ်နိုင်သော ခံယူတုံ့ပြန်နိုင်သော လုပ်ဆောင် မှုတိုင်းတွင် စွမ်းအားပကားကရှိနေသည်။ ထို့ကြောင့် အလုပ်လုပ် ခြင်းကြောင့် ခံစားရရှိမည့်အကျိုးကျေးဇူးမှာ ကျေနပ်ဝမ်းမြောက် စရာပင်ဖြစ်သည်။

လူတို့သည် မိမိတို့တတ်ကျွမ်းသောပညာဖြင့် အသက်မွေးမှု တစ်ခုခုအတွက် အလုပ်လုပ်ကြရမည်ဖြစ်သည်။ လူ့ဘဝ၏ တန်ဖိုး အနေဖြင့် လူတစ်ယောက်ရဲ့တန်ဖိုးက သူဖြတ်သန်းကျော်လွှားရ တဲ့ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ ခေတ်သမိုင်းတာဝန်ကို သူတယ်လောက်အထိ သယ်ပိုးဆောင်ရွက်နိုင်တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ ဟူ၍ဆိုထားခဲ့သည်။

လောကတွင် အရာရာ မိမိစိတ်တိုင်းကျမဖြစ်နိုင်ပါ။ မိမိကိုယ် ကိုတောင်မှ မိမိအမြဲတမ်း စိတ်တိုင်းမကျနိုင်ဘဲနှင့် ဖြတ်သန်းကျော် လွှားနေကြရသည်။ အမှန်ပင် သမ္မာအာဇီဝကျစွာ လုပ်ဆောင်ရ သောအလုပ်မှန်သမျှမှာ ဂုဏ်ရှိနေပြီးသားဖြစ်သည်။ ကောင်းသော အလုပ် အသက်မွေးဝမ်းကျောင်းဖြစ်သောကြောင့် အလုပ်လုပ် နေခြင်းသည်သာ ဂုဏ်ယူနေရမည်ဖြစ်သည်။ ထို့ကြောင့် အချို့ အလုပ်များကို အောက်တန်းကျသည်၊ ရှက်ဖွယ်ကောင်းလှသည်ဟု သတ်မှတ်နေသူများသည် အလုပ်ကို မလုပ်လိုကြသူများပင်ဖြစ် သည်။ ဘဝအတွက် စားဝတ်နေရေးအခက်အခဲများကို ဖြေရှင်း နိုင်သောအရာသည် အလုပ်လုပ်ခြင်းပင်ဖြစ်သည်။ မိမိတို့၏ စား ဝတ်နေရေးအတွက် ရိုးသားဖြောင့်မတ်သောနည်းလမ်းဖြင့် ဝင်ငွေ ရှာဖွေခြင်းသည် ဂုဏ်ယူစရာဖြစ်သည်။

လူ့ဘဝတွင် ဈေးရောင်းခြင်း၊ ဆိုက်ကားနင်းခြင်း၊ အထုပ်ကုလီ ထမ်းခြင်း အစရှိသော အောက်ခြေသိမ်းအလုပ်များသည်လည်း ရှက်စရာမျိုးမဟုတ်ပါ။ အချို့နိုင်ငံများတွင် ကျောင်းတက်ရင်း အလုပ် လုပ်ကြရသည်။ အချိန်ပိုင်းအလုပ်များဖြစ်သော စားပွဲထိုးခြင်း၊ သတင်းစာဂျာနယ်ပို့ခြင်း အစရှိသည်တို့ကို လုပ်ကိုင်ကာ ဘဝကို ဖြတ်သန်းနေကြရသည်။ ကောင်းသော အသက်မွေးဝမ်းကျောင်း ပြုမှုအတွက် ဂုဏ်ငယ်စရာမရှိပါ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွ အလုပ် မလုပ်က ရှက်ဖွယ်ပ ဆောင်ပုဒ်နှင့်အညီ ပြန်လည်ပုံနိုင်းပြရမည် သာဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း လုပ်သင့်သည့်အလုပ်ကို လုပ်ကိုင် ဆောင်ရွက်နေခြင်းမှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ အလုပ်လုပ်ခြင်း ဖြင့် သင်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရ ပေသည်။

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် ရောဂါကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၄**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်း ပညာရေးမှူးရုံး၊ ပြင်ဦးလွင်မြို့နယ် ပညာရေးရုံးနှင့် မြန်မာနိုင်ငံ မူး ယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသင်းခွဲ (ပြင်ဦးလွင်)တို့ ပူး ပေါင်းကျင်းပသည့် အရက်၊ ကွမ်း၊ ဆေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ NPS ကိုယ်ပိုင် အထက်တန်းကျောင်းတွင် ကျင်း ပသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီး က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးစိုင်းနိုင်ဝင်းမြင့် က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အားပြောကြားကာ မူးယစ်သမိုင်းကြောင်းကို စာရင်း စစ် ဦးခင်မောင်ထွေးက ပြောကြား သည်။ ဆက်လက်၍ အတွင်း ရေးမှူး ဒေါ်အေးအေးဖြိုးက မူး ယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ် အကြောင်းကို ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများ မေးမြန်းပြီး ဖြေဆိုနိုင်သူများအား ဆုလက်ဆောင်များ ချီးမြှင့်သည်။ ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲမိစေရန် အတွက် သန္နိဋ္ဌာန်ရွတ်ဆိုခဲ့ကြ ကြောင်း သိရသည်။

**ကျော်မင်းသော်**

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) စတင်ကျင်းပ

**မန္တလေး ဩဂုတ် ၄**

တတိယအကြိမ် မန္တလေး တိုင်းဒေသကြီး လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ် (၈)ရပ်ဖြင့်ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦး အောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ်များ စုစုပေါင်း ၇၂ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း ဒေသကြီး လွှတ်တော်ကိုယ်စား လှယ်များအား လွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြော ကြားခဲ့သည်။ ထို့နောက် တိုင်း ဒေသကြီးလွှတ်တော် ကိုယ်စား လှယ် (၁၉)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း (၂၅) ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။




ဆက်လက်၍ လွှတ်တော် ဥက္ကဋ္ဌက မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့၏ "မန္တလေး တိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ" ဖြန့်ဝေထား ကြောင်း ကြေညာသည်။ မန္တလေး တိုင်းဒေသကြီး လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (ပထမနေ့) ကို မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်ရပ်နားပြီး အစည်း အဝေး(ဒုတိယနေ့)ကို ဩဂုတ် ၅ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီ တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၄**

အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားရရှိစေရန် နှင့် ဖြောင့်မတ်တည်ကြည်မှုတန် ဖိုးများကို နားလည်သဘောပေါက် စေရန်ရည်ရွယ်၍ ဖြောင့်မတ်တည် ကြည်မှုမြှင့်တင်ရေး ပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်း က မန္တလေး၊ ချမ်းအေးသာစံမြို့ နယ်ရှိ အမှတ်(၇) အခြေခံပညာ မူလတန်းလွန်ကျောင်း စုဝေးခန်း မ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ အဂတိလိုက် စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ) ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်၊ အမှတ်(၇) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝေ၊ ဆရာ၊ ဆရာမများနှင့် မူလတန်း အဆင့် ကျောင်းသား၊ ကျောင်းသူ ၉၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁၅ ဦး တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ဖြောင့်မတ် တည်ကြည်မှုမြှင့်တင်ရေး ပညာ ပေးအစီအစဉ် (ဆရာကိုင်)စာအုပ် ပါ သင်ခန်းစာများကို အခြေခံ၍ အဂတိလိုက်စားမှု၏ သဘော သဘာဝနှင့် ဆိုးကျိုးများ၊ အများ အကျိုးနှင့် ကိုယ်ကျိုးအကြား မှန်ကန်စွာ ခွဲခြားတွေးခေါ်နိုင်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် တာ ဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ တန်ဖိုး များကို ကျောင်းသား၊ ကျောင်း သူများ နားလည်သဘောပေါက် စေရန် အသိပညာပေး ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ညီညွတ်ရေးက အရေးကြီး

❝ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ် ❞

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❑ ရှေ့ဖုံးမှ

၁၉၈၉ ခုနှစ်တွင် တပ်မတော်နှင့် "ဝ" အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ခဲ့မှုအခြေအနေ၊ နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန် လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ပုဒ်မ ၅၀(စ)နှင့်အညီ ဦးတည်လျှောက်လှမ်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ (UWSA) "ဝ" အဖွဲ့အနေဖြင့် နိုင်ငံတော်ကို မိဘကဲ့သို့သဘောထားမှုနှင့် မိဘဖြစ်သည့် နိုင်ငံတော်၏ စောင့်ရှောက်မှုအောက်တွင် မိမိတို့သားသမီးများက မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း လုပ်ဆောင်ရန် ခံယူချက်ထားဆောင်ရွက်နေမှု၊ "ဝ" ဒေသအတွင်း ပညာရေးကဏ္ဍတိုးတက်ရေး ဆရာ ဆရာမများနှင့်အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍတိုးတက်ရေး ဆေးရုံများ အဆင့်မြှင့်တင်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေး ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အပြီးတိုင်ချုပ်ငြိမ်းပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ (UWSA) "ဝ" အဖွဲ့အနေဖြင့်လည်း ဒေသအတွင်းအွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဖိဖိစီးစီးကြပ်မတ်နှိမ်နင်း ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့်အခြေအနေနှင့် "ဝ" ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

## အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး နိုင်ငံတော်သမ္မတထံ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

## စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

" ယခုနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်လျက်ရှိမှု၊ ထိုသို့ ဖိတ်ခေါ်ဆွေးနွေး ဆောင်ရွက်ချိန်တွင် "ဝ" ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP) မှ ယခုကဲ့သို့ လာရောက်တွေ့ဆုံခဲ့ခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် ကောင်းမွန်သည့်လုပ်ဆောင်ချက်ဖြစ်မှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး "



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# တောင်သူများ ဓာတ်မြေဩဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၄

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့်တောင်သူများ ဓာတ်မြေဩဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါကော်မတီအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခြင်းဖြစ်ပြီး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် တောင်သူများ ဓာတ်မြေဩဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ဦးဆောင်ကော်မတီအနေဖြင့် ယူရီးယားမြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်းသတ်မှတ်ပေးထားကြောင်း၊ ရည်ညွှန်းဈေးနှုန်းကို အခြေခံ၍ သယ်ယူစရိတ်နှင့် တင်ချခတို့ကို ထည့်ပေါင်းပြီး အမြတ်မယူဘဲ တောင်သူလက်ဝယ်အရောက် တိုက်ရိုက်ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယူရီးယားဓာတ်မြေဩဇာတင်သွင်းသောကုမ္ပဏီများကို တင်ဒါယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီသည် ပြည်ပတွင် ယူရီးယားမြေဩဇာဈေးနှုန်းများ မတည်ငြိမ်မှုကြောင့် ပြည်တွင်းကုမ္ပဏီတစ်ခုချင်းအလိုက် တင်သွင်းရန် အခက်အခဲရှိနေကြသဖြင့် စိုက်ပျိုးချိန်ရာသီအမီ အချိန်မီတင်သွင်းနိုင်ရေးအတွက် ကုမ္ပဏီများကို စုပေါင်းပြီး သမဝါယမစနစ် Consortium ဖွဲ့စည်းကာ အမြတ်မယူဘဲ စုပေါင်းဝယ်ယူ စုပေါင်းဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့်အပြင် တင်သွင်းရာတွင် ပစ္စည်းမပြတ်လပ်အောင် အသုတ်လိုက် စီစဉ်ပေးကာ တင်သွင်းမှုအတွက် ဈေးနှုန်းပျမ်းမျှတွက်ချက်ပြီး ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ပေးထားကြောင်း အစည်းအဝေးမှ သိရသည်။

ထို့ပြင် ဓာတ်မြေဩဇာအရည်အသွေးနှင့် အလေးချိန်မှန်ကန်ရေး၊ သတ်မှတ်ရောင်းဈေးထက် ပိုမိုရောင်းချမှုမရှိစေရေး၊ သိုလှောင်ဈေးကစားခြင်းများမရှိစေရေး၊ တောင်သူများသုံးစွဲမှု ရှိ/မရှိ၊ မြေပြင်လက်ကျန်စာရင်း မှန်ကန်မှုရှိမရှိတို့ကိုလည်း ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




❖ ရွှေဖုံးမှ

နေပြည်တော် ပျဉ်းမနားမြို့နယ် ပန်းခင်း (၃) လမ်းနေ ဦးဝင်းကိုကို၊ နေပြည်တော် ပျဉ်းမနားမြို့နယ် သဲကျွန်းကျေးရွာမှ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျောက်တိုင်ကျေးရွာမှ ဦးရဲရင့်ဇော်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးဝင်းမင်းထွန်း၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးစိုးမင်း၊ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ရာဇာဓိရာဇ်လမ်းနေ ဦးညဏ်လင်းထက်တို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံခဲ့သည့်အတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို အကြောင်းအမျိုးမျိုးဖြင့် တွေ့ရှိခြင်းဖြင့်သော်လည်းကောင်း၊ ဝါသနာအလျောက် စုဆောင်းထားခြင်းဖြင့်သော်လည်းကောင်း ရရှိသိမ်းဆည်းထားပြီး နိုင်ငံတော်သို့ အပ်နှံပါက ရွှေထည်ပစ္စည်းများဖြစ်ပါက ပညာရှင်အဖွဲ့၏ စိစစ်သုံးသပ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အရည်အသွေးစစ်ဆေး၍ အရည်အသွေးနှင့်အလေးချိန်ကို ယင်းနေ့ပြင်ပပေါက်ဈေးဖြင့် မူလတန်ဖိုးတွက်ချက်၍ ပျူခေတ်လက်ရာပစ္စည်းများဆိုပါက မူလတန်ဖိုးများအပြင် ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၈၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၈၀ အထိအပြင် ထပ်ဆောင်းတန်ဖိုးပါ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပုဂံခေတ်လက်ရာပစ္စည်းများဖြစ်ပါက ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၇၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၇၀ အထိအပြင် ထူးခြားရှားပါးသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထပ်ဆောင်းတန်ဖိုးအဖြစ် ကာလတန်ဖိုး၏ ရာခိုင်နှုန်း ၄၀ မှ ၈၀ အထိ ထပ်မံချီးမြှင့်ပေးသည့်အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အနည်းဆုံး ခေတ်ကာလပေါက်ဈေး၏ နှစ်ဆခွဲမှ သုံးဆခွဲကျော်အထိ ဆုကြေးငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့် ခိုင်မာသည့် သမိုင်းသက်သေများဖြစ်သဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် အရေးကြီးကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရာတွင် ပြည်သူလူထု၏ တာဝန်သိစိတ်နှင့် ပူးပေါင်းပါဝင်မှုသည် ပဓာနကျပြီး ယခုကဲ့သို့ စီးပွားရေးအကျိုးအမြတ်ထက် နိုင်ငံတော်အတွက် ရှေးဟောင်းပစ္စည်းများကို စေတနာအပြည့်ဖြင့် လာရောက်အပ်နှံခဲ့ကြသည့် ပြည်သူများ၏ အမျိုးသားရေးအသိကို လေးစားဂုဏ်ယူပါကြောင်း၊ အပ်နှံခဲ့သည့်ပစ္စည်းများကို အမျိုးသားပြတိုက်များတွင် စနစ်တကျ ထိန်းသိမ်းပြသသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ရှေးဟောင်းပစ္စည်းများတွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ ဆက်သွယ်အပ်နှံကြရန်နှင့် သတင်းပေးပို့ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

*ရွှေဖုံးမှ

မြန်မာနိုင်ငံ နေပြည်တော် ကိုယ်စားပြု၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးမျိုးမြင့်အောင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အစိုးရ ဒုတိယမြို့တော်ဝန်၊ မော်စကိုအစိုးရ၏ သယ်ယူပို့ဆောင်ရေးနှင့် လမ်းအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဌာန အကြီးအကဲ မစ္စတာ မက်စင်မ်လစ်ကဆူတော့ တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံ Visakhapatnam မြို့၊ ဂါနာနိုင်ငံ Accra မြို့၊ Turkiye နိုင်ငံ Ankara မြို့၊ Brazil နိုင်ငံ Belo Horizonte မြို့၊ Curitiba မြို့၊ Fortaleza မြို့၊ Goiania မြို့၊ Montes Claros မြို့၊ Porto Alegre မြို့၊ Lebanon နိုင်ငံ Beirut မြို့၊ Serbia နိုင်ငံ Belgrade မြို့၊ Sri Lanka နိုင်ငံ Colombo မြို့၊ Tanzania နိုင်ငံ Dar es Salaam မြို့၊ Nicaragua နိုင်ငံ Managua မြို့၊ Uruguay နိုင်ငံ Montevideo မြို့၊ Ecuador နိုင်ငံ Quito မြို့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Vladivostok မြို့ စသည့်မြို့များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လျှောက်ထားလွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ (၅)နှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး-၂၀၂၆ (5th Anniversary International Transport Summit-2026) ကို ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် Mr. Maksim Liksutov မော်စကိုမြို့ ဒုတိယမြို့တော်ဝန် (သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်း)၊ Mr. Dmitry Zverev ရုရှားဖက်ဒရေးရှင်းနိုင်ငံ သယ်ယူပို့ဆောင်ရေး ဒုတိယဝန်ကြီးနှင့် State Secretary၊ Mr. Vladimir Efimov မော်စကိုမြို့ ဒုတိယမြို့တော်ဝန် (မြို့ပြစီမံကိန်းမူဝါဒနှင့် ဆောက်လုပ်ရေး)တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းထိပ်သီးအစည်းအဝေးသည် မိတ်ဖက်မြို့ပြများအကြား သယ်ယူပို့ဆောင်ရေးစနစ် ခေတ်မီဆန်းသစ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများတွင် အဆင့်မြင့်ကျွမ်းကျင်မှုများကို အပြန်အလှန်မျှဝေရန်၊ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက် ကောင်းမွန်စေရန်နှင့် လူနေမှုဘဝ အရည်အသွေးကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် မဟာဗျူဟာများကို ဖော်ဆောင်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၄

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရှန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးကျောက်ညီရှန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲ ပထမရက်၌ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည်များအား ဆွေးနွေးပြီးနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ပြည်ထောင်စုမပြိုကွဲရေးနှင့် ခွဲမထွက်ရေး၊ ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်ရေး၊ နှစ်ဖက်ခေါင်းဆောင်များ သီးသန့်တွေ့ဆုံဆွေးနွေးမှုမှ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ ညှိနှိုင်းရရှိချက်များအား မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး နှစ်ဦးနှစ်ဖက်မှ နိုင်ငံတော်ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဒေသတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး ကောင်းမွန်သော ဆွေးနွေးညှိနှိုင်းမှုရလဒ်များ ရရှိခဲ့ပါကြောင်း၊ နိုင်ငံရေးနည်းလမ်းဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန်၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် သဘောတူညီမှုများ တည်ဆောက်ရန်နှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို မြဲမြံစွာလျှောက်လှမ်းရန် ထောက်ခံပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးများနှင့် လူမှုအဖွဲ့အစည်းအားလုံးက အချင်းချင်းသည်းခံမှု၊ အတူယှဉ်တွဲနေထိုင်မှု အယူအဆကို လက်ကိုင်ထားကာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ကူညီဖေးမမှုတို့ဖြင့် နေထိုင်ကြရန် စိတ်ရင်းမှန်ဖြင့် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အတူယှဉ်တွဲနေထိုင်မှုသည် နိုင်ငံတော်၏ ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ သည်းခံမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို အမြဲတစေလိုက်နာပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ပုံမှန်ဆက်သွယ်မှုထားရှိကာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်မှုရှိသော အခင်းအကျင်းကို အတူတကွထိန်းသိမ်းသွားရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (ဝဲပုံ)က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နှစ်ရက်တာ ဆွေးနွေးမှုများကို နက်နက်ရှိုင်းရှိုင်းဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်သည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) သည် မြန်မာ-တရုတ် နယ်နိမိတ်အနီးတွင်တည်ရှိပြီး သံတမန်ဆက်ဆံရေးအတွက်လည်း အရေးကြီးသည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့နှစ်ဖွဲ့ အမြဲမပြတ်ထိတွေ့ဆက်ဆံခြင်းသည် မြန်မာ-တရုတ် ဆက်ဆံရေးအတွက် အရေးကြီးသည့် အထောက်အပံ့ဖြစ်ပါကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် NSPNC အမြဲထိတွေ့ဆက်ဆံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ “ဝ” တိုင်းရင်းသားများသည်လည်း မြန်မာနိုင်ငံတိုင်းရင်းသားများဖြစ်သည့်အတွက် ဆက်လက်ပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ NSPNC အနေဖြင့် မည်သည့်တိုင်းရင်းသားမဆို တိုင်းရင်းသားညီအစ်ကိုရင်းချာသဖွယ် သတ်မှတ်ပြီး တန်းတူဆွေးနွေးဆောင်ရွက်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် အလွန်တန်ဖိုးရှိသည့် ခြေလှမ်းတစ်ခုဖြစ်ပြီး အနာဂတ်အတွက် မျှော်လင့်ချက်များစွာရှိသည့် ခြေလှမ်းများကို ရှေ့ဆက်လက်လျှောက်လှမ်းနိုင်ရေး အစပြုခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ


မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။

မိုး/ဇလ

**ယနေ့နံနက်မှ ၇-၈-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသသချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။**




# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တွင် သရက်သီးစိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်လှစ်ပို့ချခဲ့



**မန္တလေး ဩဂုတ် ၄**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး(DHCC)၊ မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာ လေးလွှာ (MRCCI)တွင် သရက်သီးစိုက်ပျိုးရေးနည်းပညာသင်တန်းကို ဩဂုတ် ၃ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

သရက်သီးစိုက်ပျိုးရေးတွင် ခေတ်မီနည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးခြင်းနှင့် သရက်အထွက်နှုန်းတိုးလာစေရန်၊ သရက်စိုက်တောင်သူများ ကြုံတွေ့နေရသော ပြဿနာများအား ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ပို့ချပေးခဲ့ပြီး သရက်မျိုးကောင်းများ ရွေးချယ်ခြင်း၊ စိုက်ပျိုးထိန်းသိမ်းခြင်းနှင့် ပိုးမွှားရောဂါများကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ကာကွယ်နှိမ်နင်းနည်းပညာများ၊ စံသတ်မှတ်ထားသော ဆောင်ရွက်မှုအဆင့်များ၊ အိတ်အမျိုးအစား ရွေးချယ်မှုစံနှုန်းများ၊ အိတ်စွပ်ခြင်း မတိုင်မီနှင့်အိတ်စွပ်အပြီး သရက်ခြံထိန်းသိမ်းမှု အချက်များအတွက် ဆွေးနွေးပို့ချခြင်းများနှင့် အတူ ဒေသခံစိုက်ပျိုးမှုတွင် ကြုံတွေ့ရသည့် လက်တွေ့အခက်အခဲများအား ဖြေရှင်းခြင်းများကိုလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ယူနန်ပြည်နယ် စိုက်ပျိုးရေးသိပ္ပံနည်းပညာဌာန၊ အပူပိုင်းနှင့် သမပိုင်းဇုန်စီးပွားဖြစ်သီးနှံများ သုတေသနဦးစီးဌာန၊ တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာကိုယ်စားလှယ်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းနှင့်ဩဂုတ် ၄ ရက် ညနေပိုင်းက သင်တန်းဆင်းပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

# ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက် (အမျိုးသမီး)ဘောလုံး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက အောင်မြေသာစံ မြို့နယ်ရှိ အောင်မြေမန္တလာကွင်း တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုး အောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်း ဒေသကြီးတရားလွှတ်တော်တရား သူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိ သူများ၊ ဌာနဆိုင်ရာများ၊ တိုင်း ဒေသကြီးဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ဘောလုံး ဝါသနာရှင်များ၊ ဖိတ်ကြားထားသူ များ တက်ရောက်ကြပြီး ရမည်း သင်းခရိုင်နှင့်ကျောက်ဆည်ခရိုင် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှု ကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် အမျိုးသား အားကစားအဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် ဘက်ပေါင်းစုံ မှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ အင်အား နှင့်ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်ရသည့်အတွက် ခွန်အားနှင့် စွမ်းဆောင်ရည်မြင့်မား လာစေရန် လုပ်နိုင်စွမ်းရည်ကို မြှင့်တင်နေကြရမည်ဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တောင်ကြီးနှင့် ဘားအံတို့တွင် ကျင်းပမည့် တိုင်း ဒေသကြီးနှင့်ပြည်နယ် အသက် (၁၉)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် နိုင်ရေး မှန်ကန်စွာဖြင့် ရွေးချယ် လေ့ကျင့်ယှဉ်ပြိုင်ကြိုးစားသွားကြ ရမည်ဖြစ်ပါကြောင်း ပြောကြား ပြီးနောက် ပြိုင်ပွဲကို စတင်ဖွင့်လှစ် ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ က အားကစားအသင်းအလိုက် လိုက်လံနှုတ်ဆက်အားပေး၍ အား ကစားပစ္စည်းများ ပေးအပ်ပြီး နောက် ရမည်းသင်းခရိုင်အသင်း နှင့်ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးခဲ့ကြောင်း၊ ပြိုင်ပွဲများကို ဩဂုတ် ၁၇ ရက်အထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်)**









## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ အခမဲ့ထောက်ပံ့

**မန္တလေး ဩဂုတ် ၄**

မန္တလေးမြို့တော်စည်ပင်သာ ယာရေးကော်မတီ ဝန်ထမ်းများ အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေး နှစ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူ ရေးဌာနမှ (၁၂)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ အခမဲ့ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနတွင် ပြုလုပ်ခဲ့သည်။

**(ဓါတ်ပုံ)**

(၁၂)ကြိမ်မြောက် ဟင်းသီး ဟင်းရွက်များကို ထောက်ပံ့ပေး အပ်ရာတွင် ဘက်စုံခြံမှ ထွက်ရှိ သော ချည်ပေါင်ရွက်အစည်း ၂၅၀၊ ခရမ်းသီးအထုပ် ၇၀၊ ကန်စွန်း ရွက်အစည်း ၃၂၀၊ ဖရုံညွန့် ၁၄၈ စည်း၊ ရုံးပတီသီးအထုပ် ၅၀ တို့ ကို သန့်ရှင်းရေးဌာန၊ အမရပူရ မြို့နယ်ရုံးရှိ ဝန်ထမ်းများနှင့် ချမ်းမြသာစည်မြို့နယ်ရုံးတို့ရှိ ဝန်ထမ်းများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူ များက အခမဲ့ထောက်ပံ့ပေးအပ် ကြရာ တာဝန်ရှိသူများက လက်ခံ ရယူခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀

၀-၀-၀

# (၆၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၄**

(၆၄)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တပ်မတော် စက်ပစ်ကွင်း (ပြင်ဦးလွင်)၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ကြပြီး တပ်မတော် ပစ်ခတ်စဉ်(အမျိုးသား) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ တပ်မတော် ပစ်ခတ်စဉ်(အမျိုးသမီး) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်း၊ တတိယရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ စက်သေနတ်ပွဲစဉ်(၁)တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် အမှတ်(၁၄)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ကိုယ်စားပြုအသင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးက တံခွန်စိုက်ဒိုင်းဆုကြီး၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရ ဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။



အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း (၁၈) သင်းဖြင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဝ၃၈)**

# ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှုရှိစေရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၄**

လူမှုကွန်ရက်စာမျက်နှာ TikTok ပေါ်တွင် ကျော်စောသတင်းဖြစ်ခဲ့သော ထိုးမုန့်အမှတ်တံဆိပ်များတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့်အတွက် သက်ဆိုင်ရာ ရောင်းချသူများနှင့် ထုတ်လုပ်သူလုပ်ငန်းရှင်များကို ခေါ်ယူစစ်ဆေး၍ ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခဲ့ပြီး ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည်(ယာယီ)ကားကွင်းတွင် တစ်ဆင့်ခံဖြန့်ဖြူးရောင်းချသည့် ဈေးသည်များ၊ ဆိုင်ခန်းများဖြင့် ရောင်းချနေသည့် ဈေးသည်များနှင့် ခြင်းဆွဲရောင်းချသည့် ဈေးသည်များအား ရောင်းချနေသည့်ကုန်ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုရှိစေရေး အသိပညာပေးဆွေးနွေးခြင်းပြုလုပ်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ စစ်ဆေးရေးအရာရှိများ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည် (ယာယီ) ကားကွင်းရှိ စည်းကမ်းထိန်းသိမ်းရေးနှင့်သာယာလှပရေး ကော်မတီရုံးခန်း၌ TikTok Social Media ပေါ်တွင် ကျော်စောသတင်းဖြစ်ခဲ့သော ထိုးမုန့်အမှတ်တံဆိပ်များတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ကိုက်ညီမှုမရှိသည့်အတွက် ကျော်စောသတင်းတွင် ရောင်းချခဲ့သူ၊ တစ်ဆင့်ခံအနေဖြင့် ဖြန့်ဖြူးရောင်းချခဲ့သူနှင့် ထုတ်လုပ်သည့် လုပ်ငန်းရှင်များအားခေါ်ယူ၍ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ တားမြစ်ချက်များနှင့် အခန်း(၁၈)ပါ ကုန်ပစ္စည်းထုပ်ပိုးမှုပေါ်တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ အချက်အလက်များနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၂/၂၀၁၉)ပါ အချက်အလက်များအား အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေအရ ထိရောက်စွာအရေးယူခြင်းခံရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ကြောင်း သိရသည်။



ထိုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စစ်ဆေးရေးအရာရှိများဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်းကာ ချမ်းမြရွှေပြည် (ယာယီ)ကားကွင်းရှိ စည်းကမ်းထိန်းသိမ်းရေးနှင့်သာယာလှပရေး ကော်မတီရုံးခန်း၌ ကားကွင်းတွင် တစ်ဆင့်ခံဖြန့်ဖြူးရောင်းချသည့် ဈေးသည်များ၊ ဆိုင်ခန်းများဖြင့် ရောင်းချနေသည့် ဈေးသည်များနှင့် ခြင်းဆွဲရောင်းချသည့် ဈေးသည်များအားခေါ်ယူ၍ အဆိုပါကျော်စောသတင်းဖြစ်ခဲ့သော ထိုးမုန့်အမှတ်တံဆိပ်များနှင့် စပ်လျဉ်း၍ အခြားအမှတ်တံဆိပ်များတွင်လည်း နောင်တွင် အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားရန် စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၄၁ အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ သိသာထင်ရှားစွာ ဖော်ပြရန်လိုအပ်ကြောင်း၊ ပုဒ်မ ၄၃ အရ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)နှင့်(ဆ)တို့ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၆၈ အရ စီးပွားရေးလုပ်ငန်းရှင်မည်သူမျှ ကုန်အညွှန်းအမှတ်အသားများဖော်ပြရာတွင် ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည့် ကုန်စည်ကိုထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုကြောင်းနှင့် ပုဒ်မ ၇၃ အရ စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မ ၆၇ နှင့် ၆၈ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်မည်ဖြစ်ကြောင်းနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည်များအား ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါဝင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသို့ Call Center ၁၅၃၅ မှ တစ်ဆင့် လိုင်းနံပါတ် ၃ အား ရွေးချယ်၍ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပညာပေးဆွေးနွေးခဲ့သည်။

ဆက်လက်၍ အွန်လိုင်းစနစ်မှ တစ်ဆင့်ရောင်းချမည်ဆိုပါက Online Saleမှတ်ပုံတင်လက်မှတ်လျှောက်ထားရယူပြီးမှသာ ရောင်းချရန်နှင့် ရောင်းချသော ကုန်စည်ဝန်ဆောင်မှုသည် စားသုံးသူကာကွယ်ရေးဥပဒေအပါအဝင် သက်ဆိုင်ရာဌာနများ၏ထောက်ခံချက်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိသည့် ကုန်စည်ဝန်ဆောင်မှုများကိုသာ ရောင်းချဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကိုလည်း သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

ဝ-ဝ-ဝ-ဝ

# ကုလားပဲ 929 နှင့် V3များ ပါကစ္စတန်နိုင်ငံသို့တင်ပို့ရန် မုံရွာကုန်သည်များ ပြင်ဆင်လျက်ရှိ

**မုံရွာ ဩဂုတ် ၄**

မုံရွာမြို့မှ ပဲအမျိုးမျိုးရောင်းဝယ်နေကြသူများအနေဖြင့် ကုလားပဲအုပ်စုဝင် 929 အနီလုံးကြီးနှင့် V3 အဖြူလုံးကြီးကို ပါကစ္စတန်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

"929နဲ့ V3က ပါကစ္စတန်နိုင်ငံကို ပို့ဖို့ဈေးကွက်ပွင့်သွားပြီ။ တောင်သူတွေလက်ထဲမရှိသေးသလို ဆောင်းခါမှစိုက်ကြရမှာဆိုတော့ ပွဲရုံတွေမှာ လှောင်ထားတဲ့အထဲက ထုတ်ရောင်းကြမှာပါ။ တချို့က ပါကစ္စတန်အတွက် ရန်ကုန်ဝယ်လက်ဆီကို ပို့နေကြတာတွေရှိပြီ"ဟု မုံရွာမြို့မှ ကုန်သည်ကြီးတစ်ဦးကပြောသည်။

ပါကစ္စတန်နိုင်ငံသို့ ပို့ဆောင်ရောင်းချနိုင်ရန် အရည်အသွေးကောင်းမွန်ပြီးသန့်စင်သော 929 အနီနှင့် V3 ဖြူလုံးကြီးများကို ပြီးခဲ့သည့် ဇူလိုင်လမှ စတင်စုဆောင်းဝယ်ယူနေကြခြင်းဖြစ်ပြီး ကွန်တိန်နာတစ်ပုံးလျှင် ပိဿာ ၃၀ နှင့် ၅၀ ကျပ်သားဝင်(50 Kg) အိတ်ပေါင်း ၄၈၀ ဖြင့် တင်ပို့ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ ပြည်ပဈေးကွက် ပွင့်လာသော 929အနီနှင့် V3 ဖြူလုံးကြီး၏ ၁၉ပိဿာ တစ်တင်းဈေးသည် ငွေကျပ် ၅၀၀၀ ခန့်တက် သွားရာ ငွေကျပ် ၇၂၀၀၀ မှ ၇၇၀၀၀ သို့တက်သွားခြင်းဖြစ်သည်။

ကုလားပဲသီးနှံသည် ပြည်တွင်းစားသုံးမှုများပြားသဖြင့် ပြည်တွင်းသုံးအတွက်ရော ပြည်ပတင်ပို့မှုအတွက်ပါ အရေးပါသော ပဲအမျိုးအစားဖြစ်ပြီး ရေဆင်း-၈၊ ရေဆင်း-၁၁၊ ရေဆင်း-၆၊ ရွှေနီလုံးကြီး၊ မြကြေး၊ ကရာချီ၊ ကုလားပဲဖြူလုံးကြီး(V2, V3, V7, V9, 929, ထိုင်ဝမ်)၊ စသည်တို့သည် ထင်ရှားသော ကုလားပဲမျိုးများဖြစ်သည်။

ကုလားပဲ ဝါ၊ ကုလားပဲဖြူ ကုလားပဲဖြူလုံးကြီး၊ AQ, SQ စသည်တို့ကို ရောင်းဝယ်ကြပြီး အလုံးလိုက်နှင့် အခွံချွတ် အခြမ်းအဖြစ် ရောင်းဝယ်ကြပြီး ကုလားပဲအစိမ်းမှုန့်၊ အကျက်မှုန့်များအဖြစ် ပြုပြင်ထုတ်လုပ် ရောင်းဝယ်ကြကြောင်း သိရသည်။

ယခင်က ကုလားပဲကို အလုံးလိုက်အပြင် ခွဲခြမ်းအဖြစ် အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ပြီး ပါကစ္စတန်၊ စင်ကာပူ၊ ကိုရီးယား၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့လည်း တင်ပို့ခဲ့ကြောင်း သိရသည်။

**(၃၉၄)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်၊ ရှင်ဇန်းမြို့ ရေပြင်တစ်နေရာ၌ မောင်းသူမဲ့ ရေကြောင်းကင်းလှည့်ရေယာဉ်တစ်စီးကို စမ်းသပ်



**ပေကျင်း ဩဂုတ် ၄**

တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်၊ ရှင်ဇန်းမြို့ရှိ ရေကြောင်းသွားလာမှုများပြားသော ရေပြင်တစ်နေရာ၌ မကြာသေးမီက အလျား ၁၂ မီတာရှိ ရေကြောင်းကင်းလှည့်ရေယာဉ်တစ်စီးကို မောင်းသူမဲ့ အလိုအလျောက် လမ်းကြောင်းပြောင်းလဲခြင်း၊ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ခုတ်မောင်းခြင်းနှင့် ရေပြင်ပေါ်ရှိ အန္တရာယ်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဟိုင်ရှွန်း ၁၄၁၀၂ အမည်ရှိ အဆိုပါရေယာဉ်သည် ဒီဂျစ်တယ်နည်းပညာနှင့် မှတ်ဉာဏ်တုစနစ်များကို ပေါင်းစပ်အဆင့်မြှင့်တင်ထားသည့် တရုတ်နိုင်ငံ၏ ပထမဆုံးသော ရေကြောင်းဥပဒေစိုးမိုးရေး ကင်းလှည့်ရေယာဉ်ဖြစ်သည်။

ထိုရေယာဉ်စမ်းသပ်မှုသည် မှတ်ဉာဏ်တုနည်းပညာ၊ အင်တာနက်ချိတ်ဆက် လမ်းကြောင်းပြစနစ်များနှင့် အဝေးထိန်းစနစ်များကို ကမ္ဘာ့အကြီးဆုံး ရေကြောင်းပို့ဆောင်ရေး ကွန်ရက်တစ်ခုအတွင်းသို့ ပေါင်းစပ်ထည့်သွင်းရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။ **Mon**

## ပေကျင်းမြို့ရှိ ကျိန့်ယန်းမင်းတံခါးမျှော်စင် ပြင်ဆင်ပြီးစီး အများပြည်သူကြည့်ရှုနိုင်ရန် ပြန်လည်ဖွင့်လှစ်လိုက်ပြီ



**ပေကျင်း ဩဂုတ် ၄**

တရုတ်နိုင်ငံ ပေကျင်းမြို့၏ ထင်ရှားသော ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်ပြီး ချီယမ်မင်းတံခါးဟု အများကသိကြသည့် ကျိန့်ယန်းမင်းတံခါးမျှော်စင်ကို အဓိကပြင်ဆင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အများပြည်သူကြည့်ရှုနိုင်ရန် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးသွားများအတွက်မူ တားမြစ်မြို့တော်၊ ကောင်းကင်ဘုံကျောင်းတော်၊ ခေါင်းလောင်းနှင့် စည်တော်မျှော်စင်တို့ ပါဝင်သည့် ၇ ဒသမ ၈ ကီလိုမီတာရှည်လျားသော ယူနက်စကိုကမ္ဘာ့အမွေအနှစ် လမ်းကြောင်းတွင် အထင်ကရနေရာတစ်ခု ထပ်မံတိုးပွားလာခြင်းဖြစ်သည်။

အဆိုပါတံခါးသည် မင်မင်းဆက်နှင့် ချင်မင်းဆက်ခေတ်များအတွင်း မြို့တွင်းနှင့် မြို့ပြင်တို့ကို ဆက်သွယ်ပေးသည့် အကြီးဆုံးနှင့် အရေးအပါဆုံးမြို့တံခါးအဖြစ် တည်ရှိခဲ့ကြောင်း သိရသည်။ **Mon**

## အန္တာတိကမှ တိုက်ခတ်လာသည့် အေးစက်သော လေထုကြောင့် နယူးဇီလန်နိုင်ငံ တောင်ကျွန်း၌ ရေခဲအမှတ်အောက် ရောက်ရှိ

**ဝယ်လင်တန် ဩဂုတ် ၄**

အန္တာတိကဝင်ရိုးစွန်းမှ တိုက်ခတ်လာသည့် အေးစက်သော လေထုသည် ယနေ့တွင် နယူးဇီလန်နိုင်ငံ တောင်ကျွန်းပေါ်သို့ ဖြတ်သန်းတိုက်ခတ်ခဲ့ရာ ပင်လယ်ရေမျက်နှာပြင်အထိ နှင်းများ ကျဆင်းပြီး ရေခဲအမှတ် အောက်အထိ အေးလာသဖြင့် လမ်းများ ပိတ်ဆို့ကာ ကျောင်းများလည်း ပိတ်ထားရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



တောင်ကျွန်း၏ ဒုတိယ အကြီးဆုံးမြို့ဖြစ်သော ဒူနီဒင်မြို့တွင် နှင်းများဖုံးလွှမ်းခဲ့သဖြင့် လမ်းများ ရေခဲရိုက်နေသောကြောင့် မဖြစ်မနေကိစ္စမှလွဲ၍ ခရီးသွားလာခြင်းမပြုကြရန် ရဲတပ်ဖွဲ့က မြို့နေလူထုကို တိုက်တွန်းထားသည်။

ဒူနီဒင်မြို့တစ်ခွင်၌ ယာဉ်တိမ်းမှောက်မှု အစီရင်ခံစာ အများအပြားကို ရဲတပ်ဖွဲ့ထံ လက်ခံရရှိခဲ့ပြီး မြေပြင်ချောသဖြင့် အချို့သောယာဉ်များ လမ်းဘေးသို့ ချော်ထွက်သွားခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။ **Mon**

## ဗီယက်နမ်၏ ဘေးကင်းပြီး တည်ငြိမ်သော ပုံရိပ်ကြောင့် ၇ လအတွင်း ပြည်ပခရီးသွား ၁၃ ဒသမ ၉ သန်း လာရောက်

**ဟနွိုင်း ဩဂုတ် ၄**

ဗီယက်နမ်နိုင်ငံ၏ ဘေးကင်းပြီး တည်ငြိမ်သော ခရီးစဉ်ဒေသပုံရိပ်ကြောင့် ခရီးသွားများကို ဆက်လက်ဆွဲဆောင်နိုင်ခဲ့သဖြင့် ယခုနှစ် ပထမ ၇ လအတွင်း နိုင်ငံတကာ ခရီးသွားဧည့်သည် ၁၃ ဒသမ ၉ သန်း လာရောက်ခဲ့ပြီး ယမန်နှစ် တူညီသောကာလထက် ၁၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အထွေထွေစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ ဇူလိုင်လတစ်လတည်း၌ပင် ဗီယက်နမ်သို့ လာရောက်သည့် နိုင်ငံခြားသား ခရီးသွားဦးရေသည် ၁ ဒသမ ၆၇ သန်းရှိခဲ့ပြီး ယခင်နှစ် တူညီသောကာလထက် ဝ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

ယခုနှစ် ယနေ့အချိန်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ခရီးသွား ၃ ဒသမ ဝ၈ သန်းဖြင့် ရောက်ရှိမှု အများဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး တောင်ကိုရီးယားနိုင်ငံက ခရီးသွား ၂ ဒသမ ၃၈ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။ **Mon**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ပြည်နယ် အနောက်မြောက်ပိုင်းတွင် တောမီးများကြောင့် လူပေါင်း ၆၀၀၉၀ ခန့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ပြည်နယ် အနောက်မြောက်ပိုင်းတွင် တောမီးများကြောင့် လူပေါင်း ၆၀၀၉၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရပြီး အဆောက်အအုံ ရာပေါင်းများစွာပျက်စီးကာ လူထောင်ပေါင်းများစွာ လျှပ်စစ်မီးပြတ်တောက်လျက်ရှိကြောင်း သိရသည်။



ယမန်နေ့က စပိုကိန်းမြို့ပတ်ဝန်းကျင်၌ ကြီးမားသော တောမီးလောင်ကျွမ်းမှု သုံးခု ဆက်လက်ဖြစ်ပွားနေပြီး မီးကို ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

စပိုကိန်းမြို့တော်ဝန် လီဆာဘရောင်းက အဆိုပါအခြေအနေသည် မိမိတို့ဒေသ ကြုံတွေ့ခဲ့ရသည့် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏကို တာဝန်ရှိသူများက စစ်ဆေးတွက်ချက်လျက်ရှိကာ အသက်အန္တရာယ် ဆုံးရှုံးနိုင်ခြေများကိုလည်း ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **Mon**

## ဥရောပတစ်ဝန်း ပြင်းထန်သည့်အပူလှိုင်းများ ဆက်လက်ဖြစ်ပွား ဂျာမနီနှင့် နယ်သာလန်၌ ရိုင်းမြစ် ရေမျက်နှာပြင် လျော့ကျသွား

**ဘာလင် ဩဂုတ် ၄**

ဥရောပတစ်ဝန်း ပြင်းထန်သည့် အပူလှိုင်းများ ဆက်လက်ဖြစ်ပွားလျက်ရှိသဖြင့် ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့၏ နေရာအတော်များများတွင် ရိုင်းမြစ်၏ ရေမျက်နှာပြင်သည် စံချိန်တင် လျော့ကျသွားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောသီတင်းပတ်က ဂျာမနီနိုင်ငံ အနောက်ပိုင်းရှိ ကူလန်းမြို့နှင့် ဂျာမနီမှ နယ်သာလန်နိုင်ငံအတွင်းသို့ ရိုင်းမြစ်စီးဝင်ရာ လိုဘစ်ဒေသတို့တွင် တိုင်းတာခဲ့သည့် ရေမျက်နှာပြင်များသည် စံချိန်တင် စတင်မှတ်တမ်းတင်ခဲ့သည့်အချိန်မှစ၍ အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။

စီးပွားရေးအရ သယ်ယူပို့ဆောင်ရေး၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပါသော ဥရောပ၏ အခြားသော မြစ်ကြီးများဖြစ်သည့် နိုင်ငံ ၁၀ နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့် ဒန်ညူမြစ်နှင့် အီတလီနိုင်ငံ၏ ပိုးမြစ်တို့တွင်လည်း ရေမျက်နှာပြင်များ စံချိန်တင် လျော့နည်းလျက်ရှိကြောင်း သိရသည်။ **Mon**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



**မိတ္ထီလာ ဩဂုတ် ၄**

မိတ္ထီလာမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် အမှတ်(၁)လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မိတ္ထီလာ)မှ ဒုတိယ ရဲမှူးလှိုင်စိုးက လူကုန်ကူးမှုသမိုင်းနှင့် ခေတ်သစ်လူကုန်ကူးမှုပေါ်ပေါက်လာပုံ၊ ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာလျက်ရှိသော လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးမှုနှင့် ဆက်စပ်သည့် ဆိုးကျိုးများ၊ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ဟောပြောခဲ့သည်။ ထို့နောက် အမှတ်(၉၆) ယာဉ်ထိန်းတပ်ဖွဲ့စု(မိတ္ထီလာ)မှ ဒုတိယ ရဲမှူးအောင်ကျော်မိုးက ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်စေရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ စည်းကမ်းရှိစွာသွားလာနိုင်ရန်နှင့် ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေစသည့် အကြောင်းအရာများကို ဟောပြောခဲ့ပြီး တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၆၉)**

*-*-*-*-*-*



## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များအခမဲ့ ဖြန့်ဝေ

**ကံမ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစား ထိုးအင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက အဆိုပါဈေးအတွင်း၌ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်းပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားအား ဖမ်းဆီးအရေးယူ

**သံဖြူဇရပ် ဩဂုတ် ၄**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝဲရပ်ရွာသစ်ကျေးရွာ၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝဲရပ်ရွာသစ်ကျေးရွာ၊ ရွာလယ်ပိုင်း၌ အမျိုးသားတစ်ဦး ဓားကိုင်ဆောင်ရမ်းကားနေကြောင်း သတင်းအရ သံဖြူဇရပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ဦးသိန်းဇော်ဦး(ခ)ကိုပီး(၃၈)နှစ်ဆိုသူသည် အရက်သေစာသောက်စားမူးယစ်ကာ အရိုး၊ အသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းအား ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိသဖြင့် သိန်းဇော်ဦး(ခ)ကိုပီးဆိုသူအား သံဖြူဇရပ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(အောက်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တောင်ပြို၍ လမ်းပိတ်ဆို့မှုဖြစ်ပွား

**မိုင်းဖြတ် ဩဂုတ် ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ယမန်နေ့ ည ၉ နာရီခန့်က မိုင်းဖြတ်-ကျိုင်းတုံသွား ပြည်ထောင်စုလမ်းမကြီးပေါ် မိုင်တိုင်အမှတ် ၆၉၄နှင့် ၆၉၆ ကီလိုမီတာကြားတွင် တောင်ပြို၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မိုင်တိုင်အမှတ် ၆၉၄နှင့် ၆၉၆ ကီလိုမီတာကြားတွင် အရှည်ပေ ၁၀၀နှင့် ပေ ၁၅၀ခန့် နှစ်နေရာတွင်တောင်ပြို၍ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ မော်တော်ယာဉ်များ ခရီးသွားလာမှု ခေတ္တရပ်နားခဲ့ရသည်။ အဆိုပါဖြစ်စဉ်ကြောင့် မော်တော်ယာဉ်များ ခရီးသွားလာခြင်း ကြန့်ကြာမှုမရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်၍ ဘက်ဟိုးယာဉ်၊ ကလေဒါ၊ ဘူဒိုဇာယာဉ်များဖြင့် မြေများကို ရှင်းလင်းဖယ်ရှားခဲ့ရာ နံနက် ၂ နာရီခန့်တွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) မြို့နယ်(ဖြန်/ဆက်)**

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**သဲကုန်း ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အောင်ကုန်းကျေးရွာ၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် ညနေ ၄ နာရီ မိနစ်၂၀ တွင် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အောင်ကုန်းကျေးရွာနေ ဦးစန်းဝင်း(၅၄)နှစ်ဆိုသူ၏နေအိမ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သဲကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ဦးစန်းဝင်း၊ တစ်ရွာတည်းနေသူများဖြစ်ကြသည့် ဒေါ်မိညို(ခ) ဒေါ်ညို(၅၂)နှစ်၊ ဦးဝင်းလှိုင်(၅၃)နှစ်၊ ဦးစန်းအေး(၃၃)နှစ်၊ မကြည်ကြည်နိုင်(၂၉)နှစ်ဆိုသူတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စန်းဝင်းဆိုသူပါ ငါးဦးအား သဲကုန်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

■ စာမျက်နှာ ၂၄ မှ

နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်း၏ အကောင်းဆုံးပုံစံကို ဆက်လက်တွေ့မြင်ခဲ့ရပြီး အိမ်ကွင်းပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ လိုအပ်နေသည့် အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် သွင်းဂိုး ခုနစ်ဂိုးကို ပွဲချိန် ၂မိနစ်တွင် လွင်မိုးအောင်၊ ပွဲချိန် မိနစ် ၂၀၊ ၄၁မိနစ်၊ ၈၃မိနစ်တွင် ဝင်းနိုင်ထွန်း၊ ပွဲချိန် (၄၅+၆) မိနစ်တွင် မောင်မောင်လွင်၊ ပွဲချိန် ၅၂ မိနစ်တွင် သန်းပိုင်၊ ပွဲချိန် ၈၁ မိနစ်တွင် ဟိန်းထက်အောင်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် သုံးပွဲကစား ခြောက်မှတ်ရထားပြီး လာအိုအသင်းမှာမူ ပွဲကုန်လေးပွဲကစားရာတွင် လေးပွဲစလုံးရှုံးပြီး ရမှတ်မရဘဲ အုပ်စုအဆင့်မှ ထွက် ရပြီဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု (B) နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၈ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် အရေးပါသည့် ပွဲစဉ် တစ်ပွဲဖြစ်သည်။

**(NGB)**

## ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**ရပ်စောက် ဩဂုတ် ၄**

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့၊ မြို့ကုန်းရပ်ကွက်၊ ဘုရားကြီးလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဘုရားကြီးလမ်းမအတိုင်း အရှေ့မှအနောက်သို့ မြို့ကုန်းရပ်ကွက်နေ ဦးကျော်စိုးမိုး(၄၇)နှစ်ဆိုသူ မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်လေးလေးမြင့်(၄၅)နှစ်ဆိုသူလိုက်ပါလာသည့် HONDA INSIGHT မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လားရာတူရှေ့မှ လမ်းလျှောက်နေသူ တစ်ရပ်ကွက်တည်းနေ ဒေါ်တင်ရီ(၇၄)နှစ်ဆိုသူအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ပြီး ဒေါ်တင်ရီဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် ကျော်စိုးမိုးဆိုသူအား ရပ်စောက်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် သဘာဝဆိုးဆေးနှင့် Botanical Printing သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး ဩဂုတ် ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ သဘာဝဆိုးဆေးနှင့် Botanical Printing သင်တန်းကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၃ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။




အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက ကုန်ချောထွက်ရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## Express ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှု ဖြစ်ပွား

**အမရပူရ ဩဂုတ် ၄**

အမရပူရမြို့နယ်၊ စွယ်တော်ကားကွင်းအရှေ့ ၆၈ လမ်းနှင့် ၁၄၆(B) လမ်းအနီးတွင် ယနေ့ညပိုင်းက Express ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး မီးကိုမိနစ်ပိုင်းအတွင်း ထိန်းချုပ်နိုင်ခဲ့သည်။

ဖြစ်စဉ်အတွင်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း Express ယာဉ်တစ်စီးလုံး မီးလောင်ပျက်စီးခဲ့သည်။

မီးလောင်ရသည့် အကြောင်းရင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## ကျောင်းပြင်ပမူလတန်းပညာရေး -NFPE နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး- NFME အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အစီအစဉ်

၁။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေသည့် သက်လွန်ကျောင်းပြင်ပရောက် ကျောင်းသား ကျောင်းသူများကို ကျောင်းပြင်ပမူလတန်းပညာရေး- NFPE တွင် အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်းရှိသူများအားလည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး- NFME တွင် အသက် ၁၃ နှစ်မှ အသက် ၂၁ နှစ်အတွင်းရှိသူများအားလည်းကောင်း အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သတ်မှတ်၍ မူဝါဒများနှင့်အညီ စိစစ်လက်ခံသင်ကြားပေးသွားမည် ဖြစ်ပါသည်။

၂။ အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ကျောင်းပြင်ပမူလတန်းပညာရေး-NFPE တွင်ဖြစ်စေ ကျောင်းပြင်ပအလယ်တန်းပညာရေး -NFME တွင်ဖြစ်စေ ဖြေဆိုရန်အတွက် ပညာရေးဆိုင်ရာ ထောက်ခံချက်များ သို့မဟုတ် အရေးပေါ်အခြေအနေ ကြေညာထားသည့်မြို့နယ်များမှ အမှန်တကယ် ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ အသက်ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်ထားစာရင်းပေးသွင်းရမည် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက သတ်မှတ်ပေးသော နေရာများတွင် အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ကို ၉-၈-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)၌ ဖြေဆိုကြရပါမည်။ (အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ မြို့နယ်နှင့် ခရိုင်ပညာရေးမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။)

ပညာရေးဝန်ကြီးဌာန


❂ စာမျက်နှာ ၂၄ မှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာ၏ တောင်ဘက် မီတာ ၂၅၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ (၈၀ x ၆၀) (အုတ်ကာ၊ သွပ်မိုး) အဆောက်အအုံတစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး နှစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့အား P-365 အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမ ကျည် ငါးတောင့်၊ UZI အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ပွိုင့် ၃၈ ကျည် ကိုးတောင့်၊ AK-47 မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၇ ဒသမ ၆၂ မမ ကျည်အတောင့် ၅၀၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဖုန်းမျိုးစုံ ၆၇ လုံး၊ All in One ကွန်ပျူတာ လေးလုံး၊ CPU တစ်လုံး၊ Star Link ခြောက်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း နှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကာ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်နေသူများ ကိုလည်း စုံစမ်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လက်နက်၊ ခဲယမ်းများ၊ လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ







ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် နေရာ၌ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။




## ဂျော်ဒန်ဟန်ဒါဆန်ကို ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၄**

ချဲလ်ဆီးအသင်းသည် ဘရန့်ဖို့ဒ်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆန်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဝါရင့်ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။




ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆန်သည် ကစားသမားဘဝတစ်လျှောက်တွင် ဆန်းဒါးလန်း၊ ကိုဗင်ထရီ၊ လီဗာပူး၊ အယ်လ်အစ်တီဖတ်၊ အေဂျက်စ်၊ ဘရန့်ဖို့ဒ် စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများရယူကာ အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဂျော်ဒန်ဟန်ဒါဆန်က "ကျွန်တော် ချဲလ်ဆီးအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရရှိအောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## အဆန်စီယို ပေါင်ကြွက်သားဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဩဂုတ် ၄**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား အဆန်စီယိုသည် ပေါင်ကြွက်သားဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေပြီး အသင်း၏ ရာသီအစ ပွဲစဉ်အချို့ကို လွဲချော်သွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အသင်း၏ ရာသီကြိုခြေစမ်းပွဲများတွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အဆန်စီယို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား အဆန်စီယိုသည် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၂၆-၂၀၂၇ ရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၃ရက်တွင် အက်စ်ပန်ညိုအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**






## ဆဲလ်တစ်အသင်းက ဒန်ဒီးအက်ဖ်စီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၄**

စကော့တလန်ပရီးမီးယားရှစ်ရာသီအဖွင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက လက်ရှိချန်ပီယံ ဆဲလ်တစ်အသင်းနှင့် ဒန်ဒီးအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆဲလ်တစ်အသင်းက ဒန်ဒီးအက်ဖ်စီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆဲလ်တစ်အသင်းသည် ယခုပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဒန်ဒီးအက်ဖ်စီအသင်းဘက်သို့ ဆက်တိုက်ဖိအားပေးကစားနိုင်ခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆဲလ်တစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၂မိနစ်တွင် နိုင်ဂရန်က သွင်းယူပေးခဲ့သည်။

ဆဲလ်တစ်အသင်းသည် စကော့တလန်ပရီးမီးယားရှစ်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၉ရက်တွင် ကီလ်မာနော့ခ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## လူကာကူ နာပိုလီအသင်းမှ ထွက်ခွာသွားမည်

**တူရင် ဩဂုတ် ၄**

တိုက်စစ်မှူး လူကာကူသည် နာပိုလီအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်ပြီးနောက် လက်ရှိဈေးကွက်အတွင်း အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

နာပိုလီအသင်းမှ ထွက်ခွာသွားမည်ဖြစ်သည့် တိုက်စစ်မှူးကို လက်ရှိအချိန်တွင် မေဂျာလိဂ်ကလပ် အတ္တလန္တာယူနိုက်တက်အသင်းအပါအဝင် ဥရောပကလပ်အသင်းအချို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး လူကာကူသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး ၁၅ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး လူကာကူ အနေဖြင့် နာပိုလီအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲ ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## အက်စတွန်ဗီလာအသင်းတွင် ဆက်ရှိသွားမည်ဟု အီမီလီယာနိုမာတီနက်ဇ် ပြောကြား

**လန်ဒန် ဩဂုတ် ၄**



အက်စတွန်ဗီလာအသင်း ဂိုးသမား အီမီလီယာနိုမာတီနက်ဇ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ဂိုးသမား အီမီလီယာနိုမာတီနက်ဇ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၆ပွဲ ကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ အီမီလီယာနိုမာတီနက်ဇ်က "ကျွန်တော် အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းက ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## ဗီလ်ဆင်အစ်စီဒေါ်ကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စီစဉ်



**လန်ဒန် ဩဂုတ် ၄**

ဝက်စ်ဟမ်းအသင်းသည် ဆန်းဒါးလန်းအသင်းတိုက်စစ်မှူး ဗီလ်ဆင်အစ်စီဒေါ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဆန်းဒါးလန်းအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ ပွဲ ကစားပြီး ၁၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဆန်းဒါးလန်းအသင်းကလည်း ဗီလ်ဆင်အစ်စီဒေါအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဆန်းဒါးလန်းအသင်းမှ ဗီလ်ဆင်အစ်စီဒေါ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* ဆော်ဒီကလပ် အယ်လ်ဟီလယ်အသင်းသည် ဘုန်းမောက်အသင်း၏ တောင်ပံကစားသမား ရိုင်ယန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* ဆီဗီလာအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း၏ လူငယ်ဂိုးသမား ဖရန်ဂွန်ဇာလက်ဇ်ကို ခေါ်ယူခဲ့သည်။

* ပီအက်စ်ဂျီအသင်းသည် ပါးမားအသင်း ဂိုးသမား ဆူဇူကီးကို ခေါ်ယူရန် နီးစပ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

**(NGB)**

## 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Alexandra Eala ဆွတ်ခူး

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဖိလစ်ပိုင်တင်းနစ်မယ် Alexandra Eala က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ ဖိလစ်ပိုင်တင်းနစ်မယ် Alexandra Eala သည် 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Jessica Pegula ကို ၄-၆၊ ၆-၄၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ Alexandra Eala က "ကျွန်မ အခုလို 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်မနိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## နည်းပြ ဗာ့ခ်စကင်နာ မန်ယူအမျိုးသမီးအသင်းနှင့် လမ်းခွဲ

**လန်ဒန် ဩဂုတ် ၄**

မန်ယူအမျိုးသမီးအသင်းသည် အသင်းနည်းပြ မာ့ခ်စကင်နာနှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြ မာ့ခ်စကင်နာသည် မန်ယူအမျိုးသမီးအသင်းကို ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၉ ရက်မှ စတင်ကိုင်ခဲ့တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၆၆ပွဲတွင် ၁၀၁ ပွဲနိုင်၊ ပွဲ ၃၀ သရေ၊ ၃၅ ပွဲရှုံး ရလဒ် ပိုင်ဆိုင်ပြီး အသင်းနှင့်အတူ အမျိုးသမီး အက်ဖ်အေဖလား ချန်ပီယံဆုကိုလည်း ရယူနိုင်ခဲ့သည်။



မန်ယူအမျိုးသမီးအသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ မာ့ခ်စကင်နာနဲ့ လမ်းခွဲခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။


**(အပေါ်ပုံ) (NGB)**

# မြင်းခြံမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပ

**မြင်းခြံ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများအား မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြင်းခြံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးတင်ငြိမ်းနှင့် အဖွဲ့ဝင်များက တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ရာ သင်တန်းသားများက အသီးသီး လက်ခံရယူခဲ့ကြသည်။



"ယနေ့ မျက်မှောက်ခေတ်ကာလမှာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာပါ သဘာဝဘေးအန္တရာယ်များ မကြာခဏကြုံတွေ့နေရတဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ တုံ့ပြန်ဆောင်ရွက်ကြမယ့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများကို ခေတ်မီရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုခြင်းများ၊ အသက်ရှူကိရိယာ အသုံးပြုခြင်းနှင့် အမှောင်ထုအတွင်း လှုပ်ရှားသွားလာခြင်း၊ အဆောက်အအုံပြိုကျမှု ရှာဖွေကယ်ဆယ်ရေး၊ အခြေခံအသက်ကယ်နည်းစနစ်နှင့် လူနာသယ်ဆောင်နည်းတွေအပြင် မိမိတို့သက်ဆိုင်ရာ ဒေသအတွင်း ဖြစ်ပွားကြုံတွေ့နိုင်သော ဘေးအန္တရာယ် အမျိုးအစားအလိုက် လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြားပို့ချပေးသွားမှာ ဖြစ်တယ်"ဟု ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်က ပြောသည်။

အဆိုပါ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၆) တွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ ၅၀ ဦး တက်ရောက်သင်ကြားမည်ဖြစ်ပြီး နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၆၆)

ဝ-ဝ-ဝ-ဝ-ဝ-ဝ



# ပဌမအကြိမ်မြောက် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် Green Challenge Association (GCA) အသင်းမှ ဦးစီးကျင်းပသော ပဌမအကြိမ်မြောက် သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့သည်။ (အပေါ်ပုံ)

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ သင်းသင်းအိနှင့် ဝန်ထမ်းများ၊ Green Challenge Association(GCA) အသင်းဥက္ကဋ္ဌ ဦးအောင်မျိုးပိုင်နှင့် အသင်းသား၊ အသင်းသူများက အပင်အမျိုးအစား ၁၇ မျိုး၊ စုစုပေါင်း အပင် ၄၆၀ အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

# အမြန်နှုန်းသဲစစ်စနစ် ရေစစ်ကန်တည်ဆောက်ပြီးစီး မကြာမီ လည်ပတ်ပေးဝေမည်

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ကွပ်ကဲမှုအောက်ရှိ ရေသန့်စင်စက်ရုံသို့ ချောင်းမကြီးဆည်မှ ရေများ တင်ပို့ရာတွင် မိုးရာသီကာလတွင် နုန်းများ ပါဝင်ခဲ့သဖြင့် ရေများ နောက်ကျိခြင်းများ ဖြစ်ပေါ်ခဲ့သည်။



သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရေးအတွက် တစ်နေ့ ရေဂါလန် ခြောက်သန်း သန့်စင်ပေးဝေနိုင်မည့် ဓနသိဒ္ဓိ ရေသန့်စင်စက်ရုံကို တည်ဆောက်ခဲ့သည်။ အဆိုပါ ရေသန့်စင်စက်ရုံသည် အမြန်နှုန်းသဲစစ်စနစ်ဖြင့် သန့်စင်ပေးဝေမည်ဖြစ်ပြီး မကြာမီ စတင်လည်ပတ်ပေးဝေတော့မည်ဖြစ်သည်။

သန့်ရှင်းသောသောက်သုံးရေလိုအပ်ချက်များကို ဖြည့်စွမ်းပေးရန် ရည်ရွယ်တည်ဆောက်ခဲ့ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ သုခတော်ဝင်အိမ်ရာ၊ သုခဝတီအိမ်ရာ၊ ပိတောက်အိမ်ရာနှင့် ဆက်စပ်နေရာများ၊ ဓနသိဒ္ဓိရပ်ကွက်တို့ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၄၅)

# ကန့်ဘလူဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား ထောက်ပံ့လှူဒါန်း

**ကန့်ဘလူ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်လေးပို ဦးဆောင်၍ ကန့်ဘလူခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်မာအေး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဩဂုတ် ၃ ရက် နံနက် ၁၀နာရီခွဲက ကန့်ဘလူဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား ထောက်ပံ့လှူဒါန်းခဲ့သည်။ (အောက်ပုံ)

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ကန့်ဘလူဘိုးဘွားရိပ်သာရှိ အဘိုး သုံးဦး၊ အဘွား ငါးဦးတို့အတွက် တစ်ရက်တာအာဟာရအဖြစ် အစားအစာအတွက် ငွေကျပ် ၁၀၀၀၀၀၊ အဘိုးအဘွားတစ်ဦးလျှင် အာဟာရမုန့်၊ တဘက်တစ်ထည်စီတို့အတွက် ငွေကျပ် ၉၆၀၀၀ နှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# SAM အုန်းချော Bajaj Showroom ဖွင့်လှစ်



**မန္တလေး ဩဂုတ် ၄**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ မန္တလေး-ပြင်ဦးလွင်လမ်းဘေး အုန်းချောဆိုင်းဘုတ်အနီးတွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက SAM အုန်းချော Bajaj Showroom ကို ဖွင့်လှစ်ခဲ့သည်။

SAM အုန်းချော Bajaj Showroom မှာ Sales, Service, Spare Parts သုံးမျိုး ဝန်ဆောင်မှုပေးမည့်အပြင် Bajaj RE သုံးဘီးအသစ်များကို ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်မည်ဖြစ်ပြီး အရစ်ကျဝယ်ယူလိုသူများအတွက် ကုမ္ပဏီနှင့် ချိတ်ဆက်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် လာရောက်ဝယ်ယူသူများကို ငွေကျပ် တစ်သိန်း လျှော့ဈေးကူပွန် လက်ဆောင်ပေးခြင်းအစီအစဉ်များစွာ စီစဉ်ပေးထားသည်။

SAM အုန်းချော Bajaj Showroom ကို အမှတ်(၃)၊ မန္တလေး-ပြင်ဦးလွင်လမ်းမကြီး၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်တွင် ဖွင့်လှစ်ထားပြီး ဖုန်း ၀၉-၉၆၂၁၁၀၁၁၀၊ ၀၉-၆၉၉၀၂၄၆၉၃၊ ၀၉-၉၄၁၈၅၃၅၉၅ တို့သို့ ဆက်သွယ်၍ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်စုံစမ်း၍ဖြစ်စေ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၁)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မဟာအောင်မြေမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**မန္တလေး ဩဂုတ် ၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၈၆လမ်းနှင့်၈၇လမ်းကြား၊ ၄၁လမ်း၊ သံလျက်မော်အရှေ့ရပ်ကွက်၊ မာလကာခြံရပ်၊ အကွက်(၄၂၉-၄၂၆) အတွင်းရှိ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရန် ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်အတွင်းရှိ နွံနှံ့များ ဆယ်ယူခြင်း၊ မြောင်းဖုံးများ ပြုပြင်လဲလှယ်ခြင်း၊ မြောင်းနှင့်ပျက်စီးနေသော လမ်းပြုပြင်ခြင်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ လုပ်သားများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ ရပ်ကွက်နေ ပြည်သူများဖြင့် ပူးပေါင်းကာ သံလျက်မော်အရှေ့ရပ်ကွက်အတွင်းရှိ အကွက်အမှတ်များကိုလည်း အလှည့်ကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၆)

## ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲနှင့် ပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဩဂုတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲနှင့်ပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား) ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ထွေးအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။



ထို့နောက် ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး ပြိုင်ပွဲဝင် အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။ ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသားအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားအသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲတွင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၀ သင်းတို့က ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၃၆၈)**



## မင်္ဂလာဂန္ဓကုဋိတိုက် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ ကျင်းပ

**မန္တလေး ဩဂုတ် ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြားရှိ ရှင်ဘို့မယ် ဆုတောင်းပြည့်ဘုရားဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် မင်္ဂလာဂန္ဓကုဋိတိုက်တော်ဆောက်လုပ်ရေးအတွက် ပန္နက်တင်မင်္ဂလာကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက အဆိုပါဘုရားဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ပန္နက်တင်မင်္ဂလာ ကျင်းပရာသို့ နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကင်းကျောင်း အဝေရာရာမ ရန်ကင်းတိုက်ဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့နှင့် အလှူရှင်များက ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ပြီးနောက် သတ်မှတ်ထားသောအချိန်တွင် ပန္နက်တင်မင်္ဂလာကို ပြုလုပ်ကြသည်။

မင်္ဂလာဂန္ဓကုဋိတိုက်ကို ငွေကျပ် သိန်း ၃၇၀၀ အကုန်အကျခံ၍ မြန်မာမှုလက်ရာများနှင့်အတူ သတ်မှတ်ထားသော ကာလအတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၃၂)**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေး

**မြစ်သား ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများအား ၂၀၂၆-၂၀၂၇ ခုနှစ်၊ မိုးရာသီ စိုက်ပျိုးစရိတ်များကို မေ ၁၅ ရက်မှ စတင်၍ ထုတ်ချေးပေးခဲ့ရာ ဩဂုတ် ၃ ရက် နံနက်ပိုင်းက ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။

ရှေးဦးစွာ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းနှင့်ပတ်သက်၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်ချောစုလှိုင်က ချေးငွေညွှန်ကြားစာပါ စည်းကမ်းချက်များနှင့်အညီ ယခင်နှစ်ချေးငွေ၊ ကြွေးကျန်အားလုံး ပြန်လည်ပေးဆပ်ပြီးသော တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ယခင်နှစ် ၂၀၂၅ မိုးရာသီ ချေးငွေများ ပြေကြေစွာ ပေးဆပ်ပြီးသော ကျေးရွာအုပ်စု ၃၇ အုပ်စုရှိ တောင်သူပေါင်း ၂၂၇၃ ဦး၏ ဧကပေါင်း ၁၀၅၇၆ ဧကအတွက် စပါးတစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းနှင့် အခြားသီးနှံတစ်ဧကလျှင် နှစ်သိန်းခွဲနှုန်းဖြင့် ချေးငွေကျပ်သိန်း ၃၁၁၅၀ ဒသမ ၅၀ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ကျေးရွာအုပ်စုများကို ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



**(ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**

## KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေး

**တောင်တွင်းကြီး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို အခြေခံပညာမူလတန်းကျောင်း ကံဦးတွင် ယမန်နေ့ နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။



ထိုသို့ အာဟာရကျွေးမွေးရာသို့ တောင်တွင်းကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုးပင်ကျန်းမာရေးဝန်ထမ်းများနှင့် အ-မ-က(ကံဦး)ကျောင်းမှ ဆရာ၊ ဆရာမများ ပူပေါင်း၍ ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေးနှင့် ညီညွတ်သော နေ့လယ်စာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

## ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**မော်လိုက် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးထိုးစုရပ်အသီးသီး၌ ဩဂုတ် ၂ ရက် နံနက် ၈ နာရီက ကလေးငယ်များအား လစဉ် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို မော်လိုက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမများက ရပ်ကွက်အတွင်းရှိ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်ခြင်း၊ ပိုလီယိုကာကွယ်ဆေး၊ ပိုလီယိုအစက်ချကာကွယ်ဆေး စသည်ဖြင့် ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးခဲ့ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ယခုနှစ် မိုးရာသီတွင် ပဲမျိုးစုံ ၁၆၉၁၃ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၁၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးရာသီ ပဲမျိုးစုံ စိုက်ပျိုးဖို့ ၁၅၁၈၂ ဧကလျာထားပြီး ပဲတီစိမ်း ၅၄၀၁ ဧကနဲ့ ပဲစင်းငုံ ၁၁၅၁၂ ဧက၊ စုစုပေါင်း ၁၆၉၁၃ ဧက စိုက်ပျိုးပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရာမှာ သီးညှပ်စိုက်ပျိုးသလို သီးသန့်လည်း စိုက်ပျိုးကြပါတယ်။ တောင်သူတွေ တွက်ခြေကိုက်သီးနှံဖြစ်ခြင်းကြောင့် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၀)**



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## Cooling & Scalp Massage နည်းလမ်းနဲ့ မျက်လုံးအိတ်တွဲတာ၊ ရောင်ရမ်းတာတွေကို နှုတ်ဆက်ရအောင်

နံနက်နိုးလာရင် မျက်လုံးအောက်မှာ မို့အစ်နေတာမျိုး၊ မျက်လုံးအိတ်တွဲနေတာမျိုး ရေချိုးပြီးတာတောင် မကျဘဲ ကျန်နေခဲ့တာ ကြုံဖူးကြတယ်မလား။ လူအများစုက ဒါကို မျက်လုံးတစ်ဝိုက် Skin Care မကောင်းလို့ပဲ ထင်တတ်ကြပေမယ့် အမှန်တော့ အဓိကတရားခံက ဦးရေပြားနဲ့ နားထင်ကြွက်သားတွေ တင်းမာနေတာကြောင့်ပါ။ ခေါင်းနဲ့ နားထင်ကြွက်သားတွေ တင်းနေတဲ့အခါ မျက်နှာပေါ်က သွေးနဲ့ နမ့်ဖုရည်(Lymphatic Fluid) တွေ စီးဆင်းမှု နည်းသွားပြီး အရည်တွေက မျက်လုံးအောက်က ပါးလွှာတဲ့အသားအရေထဲမှာ သောင်တင်ကာ ရောင်ရမ်းလာရတာ ဖြစ်ပါတယ်။ ဒါကို Skin Care တစ်ခုတည်းနဲ့ ကုလို့ မရပါဘူး။ မျက်လုံးမို့အစ်ပြီး ဖောင်းနေတာတွေကို ဦးရေပြားနှိပ်နည်းနဲ့ သက်သာအောင် ပြုလုပ်လို့ရပါတယ်။ အရင်ဆုံး စတီးဇွန်း(သို့မဟုတ်) ကြွေဇွန်းတစ်ချောင်းကို ရေခဲသေတ္တာထဲ ခဏထည့်ထားပါ။ နံနက်နိုးတာနဲ့ အဲ့ဒီ အေးနေတဲ့ဇွန်းရဲ့ ကျောပြင်လေးနဲ့ မျက်လုံးအောက်ကို မျက်လုံးထောင့်ကနေ နားရွက်ဘက်ဆီ အသာလေး တွန်းထုတ်ပေးပါ။ ဒါက မျက်လုံးတစ်ဝိုက် စုစည်းနေတဲ့ အရည်တွေကို စီးထွက်သွားအောင် လမ်းကြောင်းပေးလိုက်တာပါ။ ပြီးရင်တော့ လက်ချောင်းလေးတွေ (သို့မဟုတ်) ခေါင်းဘီး အဝိုင်းလေးကို သုံးပြီး နားထင်နဲ့ နားရွက်အထက် ဦးရေပြားနေရာတွေကို စက်ဝိုင်းပုံစံ ခပ်ဆတ်ဆတ်လေး ၁ မိနစ်မှ ၂ မိနစ်အထိ နှိပ်နယ်ပေးပါ။

ဦးရေပြားအကြောတွေ ပြေလျော့သွားတာနဲ့အမျှ သွေးလည်ပတ်မှု ချက်ချင်းကောင်းမွန်လာကာ မျက်လုံးဖောင်းအစ်ပြီး မျက်နှာဖောင်းကားရောင်ရမ်းတာတွေက မိနစ်ပိုင်းအတွင်း သိသိသာသာ သက်သာသွားတာကို လက်တွေ့ မြင်တွေ့ရပါလိမ့်မယ်။

**Daisy**



## ဝက်ခြံနဲ့ နီရဲတာတွေကို ချက်ချင်းသက်သာသွားစေမယ့် "Green Tea Ice Sheet Mask"

မျက်နှာပေါ်မှာ ဝက်ခြံအဖုအပိန့်တွေ ရုတ်တရက် ထွက်လာတာ ဒါမှမဟုတ် နေပူထဲ ထွက်လို့ အသားအရေတွေ နီရဲပြီး ပူစပ်ပူလောင် ဖြစ်လာတာမျိုး ကြုံဖူးကြမှာပါ။ အဲ့ဒီလိုဖြစ်ရတာက အရေပြားအောက်မှာရှိတဲ့ သွေးကြောလေးတွေ ကျယ်လာပြီး ရောင်ရမ်းမှုဖြစ်စဉ် မြင့်တက်လာလို့ပါ။ အဲ့ဒီအခါမျိုးမှာ ဆိုင်က ဝယ်တဲ့ Sheet Mask တွေ သွားကပ်ရင် Mask ထဲမှာပါတဲ့ ကြာရှည်ခံဆေးတွေနဲ့ မွှေးရနံ့တွေကြောင့် အသားအရေက ပိုပြီး ယားယံ၊ နီရဲသွားတတ်ပါတယ်။

ဒါကို သဘာဝအတိုင်း ချက်ချင်း အပူငြိမ်းပြီး သက်သာသွားစေမယ့် နည်းလမ်းကတော့ "Green Tea Ice Sheet Mask" နည်းလမ်းပါပဲ။ လက်ဖက်စိမ်း (Green Tea (သို့မဟုတ်) Matcha) ထဲမှာ အင်န်တီအောက်ဆီးဒန့် ပါဝင်တာကြောင့် အရေပြားပေါ်က ဘက်တီးရီးယားတွေကို သေစေရုံတင်မကဘဲ အဆီထွက်တာကို လျှော့ပေးပြီး ရောင်ရမ်းနေတာတွေကိုလည်း ခဏအတွင်း လျှော့ကျသွားစေနိုင်ပါတယ်။ ဘယ်လိုပြုလုပ်ရမလဲဆိုတော့ သန့်ရှင်းတဲ့လက်ဖက်စိမ်းခြောက်အိတ် (Green Tea Bag) ဒါမှမဟုတ် လက်ဖက်ခြောက်ကို ရေနွေးနဲ့ ပျစ်ပျစ်လေး ခတ်ပြီး အေးသွားအောင် ခဏထားလိုက်ပါ။ အရည်အေးသွားပြီဆိုရင် အလှကုန်ဆိုင်တွေမှာ အလွယ်တကူ ဝယ်လို့ရတဲ့ အရည်နဲ့ထိရင် ပွတက်လာတဲ့ ဂွမ်းစာ Mask ဒါမှမဟုတ် ဂွမ်းပြား (Cotton Pad) ပါးပါးလေးတွေကို အဲ့ဒီ လက်ဖက်ရည်ကြမ်းထဲ နှစ်စိမ်လိုက်ပါ။ စိမ်ထားတဲ့ ဂွမ်းစအချပ်ကို ရေခဲသေတ္တာ အေးခဲခန်း (Freezero) ထဲမှာ ၁၀ မိနစ်ကနေ ၁၅ မိနစ်လောက် အအေးခံထားပါ။ အေးစိမ့်နေတဲ့ Mask ကို မျက်နှာပေါ်မှာ မိနစ် ၂၀ လောက် တင်ထားပေးလိုက်ပါ။ အေးမြတဲ့အပူချိန်က ကျယ်နေတဲ့သွေးကြောတွေကို ချက်ချင်းကျုံ့သွားစေပြီး ရောင်ရမ်းတာနဲ့ နီရဲတာတွေကို မိနစ်ပိုင်းအတွင်း သက်သာသွားစေပါတယ်။ ဒါတင်မကသေးဘဲ လက်ဖက်စိမ်းရဲ့အာနိသင်ကြောင့် နောက်ထပ် ဝက်ခြံအသစ်တွေ ထပ်မထွက်အောင်လည်း ကာကွယ်ပေးပါသေးတယ်။



**Daisy**

## လက်ဖမိုးနဲ့ လက်ချောင်းတွေမှာ အရေးအကြောင်းတွေကို မဖြစ်အောင်ကာကွယ်နည်း

လူတော်တော်များများက မျက်နှာအတွက်ကျ Skin Care တွေ၊ Sunscreen တွေ အဆင့်ဆင့် လိမ်းပြီး ဂရုစိုက်ကြပေမယ့် တကယ့်တကယ် အသက်အရွယ်မှန်ကို ပေါ်လွင်စေတာကတော့ လက်ဖမိုးနဲ့ လက်ချောင်းလေးတွေပဲ ဖြစ်ပါတယ်။ အပြင်သွားရင် နေရောင်နဲ့ တိုက်ရိုက်ထိတွေ့နေရတာ၊ ကား (သို့မဟုတ်) ဆိုင်ကယ်မောင်းရင် နေဒဏ်အများဆုံး ခံရတာ၊ ခဏခဏ လက်ဆေး ဆပ်ပြာတွေနဲ့ ထိတွေ့နေရတာတွေကြောင့် လက်ဖမိုး၊ လက်ချောင်းတွေနဲ့ လက်မောင်းအရေပြားဟာ မျက်နှာထက် ပိုပြီး အသက်ကြီးလွယ်ပါတယ်။ အရေးအကြောင်းတွေ၊ အကြောပြိုင်းထနေတာတွေနဲ့ အမည်းစက် (Age Spots) တွေက လက်ဖမိုးပေါ်မှာ အစောဆုံး ပေါ်လာတတ်တာပါ။



ဒါကြောင့် မျက်နှာကို ဂရုစိုက်သလိုပဲ လက်ဖမိုးတွေကိုပါ နုပျိုနေစေဖို့ ပြုလုပ်ရမယ့် အလေ့အကျင့်တွေကို ဖော်ပြပေးလိုက်ပါတယ်။ နံနက်ပိုင်း Skin Care လိမ်းတဲ့အခါ မျက်နှာမှာ လိမ်းလို့ ပိုတဲ့ Sunscreen တွေကို လက်ဖမိုးနဲ့ လက်မောင်းဆီအထိ သေချာမပျက်မကွက် လိမ်းပေးပါ။

ကား၊ ဆိုင်ကယ်မောင်းတာ (သို့မဟုတ်) အပြင်မှာ လမ်းလျှောက်တာများတဲ့ သူဆိုရင် အိတ်ထဲမှာ Sunscreen ဘူးသေးလေး ဆောင်ထားပါ။ လက်ဆေးပြီးတိုင်း (သို့မဟုတ်) နေပူထဲမထွက်ခင်မှာ လက်ဖမိုးကို Sunscreen ပြန်လိမ်းပေးတဲ့ အကျင့်လုပ်ပါ။ ညဘက်အိပ်ခါနီးရင်လည်း မျက်နှာလိမ်းသလိုမျိုး လက်ဖမိုးတွေကိုပါ Hand Cream (သို့မဟုတ်)အစိုဓာတ်ဖြည့် ခရင်မ်ထူထူလေးလိမ်းပေးပါ။

ဒီအကျင့် သေးသေးလေး တစ်ခုက အသက် ၃၀၊ ၄၀ ရောက်လာတဲ့အခါမှာ သင့်ရဲ့ လက်ဖမိုးအရေပြားကို အရွယ်မတိုင်မီ အရေးအကြောင်းမထဘဲ နုပျိုတင်းတောင့်နေအောင် ဆယ်စုနှစ်တစ်ခုမက အကူအညီပေးသွားမှာပါ။

**Daisy**

## နေရောင်ဒဏ်ကြောင့် လက်မှာ တင်းတိပ်၊ အမည်းစက် မဖြစ်အောင် ကာကွယ်နည်း

လက်ဖမိုးနဲ့ လက်မောင်းအရေပြားဟာ ပါးလွှာတာကြောင့် ခရမ်းလွန်ရောင်ခြည်(UV Rays) ဒဏ်ကို အလွန်ခံရလွယ်ပါတယ်။ အထူးသဖြင့် ကားမောင်း၊ ဆိုင်ကယ်မောင်းတဲ့အခါ မော်တော်ကားမှန်ကနေတစ်ဆင့်(သို့မဟုတ်) နေရောင်ခြည် တိုက်ရိုက်ကျတဲ့အခါမှာ ဝင်လာတဲ့ UVA ရောင်ခြည်က အရေပြားထဲကို အနက်ပိုင်းအထိ စိမ့်ဝင်ပြီး ကော်လာဂျင်တွေကို ဖျက်ဆီးပစ်တာကြောင့် လက်မှာ အကွက်လိုက် အမည်းစက်တွေနဲ့ တင်းတိပ်တွေ ဖြစ်ပေါ်လာတတ်ပါတယ်။

ဒါကို သာမန် Body Lotion လိမ်းရုံနဲ့ မကာကွယ်နိုင်ပါဘူး။ ဘယ်လိုကာကွယ်ရမလဲဆိုတော့ SPF 30 သို့မဟုတ် SPF 50 ပါဝင်ပြီး Broad-Spectrum (UVA နဲ့ UVB နှစ်မျိုးလုံး ကာကွယ်ပေးနိုင်သော) Sunscreen ကို လက်မောင်းနဲ့ လက်ချောင်းလေးတွေအထိ နေ့စဉ်လိမ်းပေးပါ။ နေပူထဲ ကား(သို့မဟုတ်) ဆိုင်ကယ် အကြာကြီး မောင်းရသူဖြစ်ပါက ခရမ်းလွန်ရောင်ခြည် ကာကွယ်ပေးနိုင်သည့် UV-Protection လက်အိတ် (သို့မဟုတ်) လက်မောင်းစွပ် (UV Sleeves) များကို အသုံးပြုပါ။ ဒါဟာ အရေပြားကို တိုက်ရိုက်လောင်ကျွမ်းခြင်းမှ အကောင်းဆုံး အကာအကွယ်ပေးနိုင်ပါတယ်။ လက်မောင်းမှာ အမည်းစက် (သို့မဟုတ်) နေလောင်ကွက်လေးတွေ စတင်ပေါ်နေပြီဆိုရင်တော့ ညဘက်မှာ Vitamin C (သို့မဟုတ်) Niacinamide ပါဝင်တဲ့ Body Lotion များကို ပုံမှန်လိမ်းပေးခြင်းဖြင့် အရေပြားအရောင်ညီညာလာပြီး အမည်းစက်များကို သက်သာသွားစေမှာ ဖြစ်ပါတယ်။

**Daisy**



## "Sandwich" နည်းလမ်းနဲ့ အမည်းစက်၊ အရေးအကြောင်းတွေကိုသက်သာအောင် Skin Care လိမ်းနည်း

ဝက်ခြံအမာရွတ်၊ အမည်းစက်နဲ့ အရေးအကြောင်းတွေအတွက် Retinol တို့၊ AHA/BHA အက်စစ်တို့လို ပါဝင်ပစ္စည်း ထိရောက်သလောက် သေချာမသုံးတတ်ရင် မျက်နှာ ပူစပ်ပူလောင် ဖြစ်တာ၊ နီရဲတာနဲ့ အပေါ်ယံအရေပြားကွာကျပြီး ထိခိုက်မခံတဲ့ အသားအရေ(Sensitive)ဖြစ်သွားတာမျိုးတွေ ခဏခဏ ကြုံရတတ်ပါတယ်။ အဲ့ဒီပြဿနာကို ရှင်းဖို့ အထိရောက်ဆုံး လျှို့ဝှက်ချက်ကတော့ အစိုဓာတ်ဖြည့်ခရင်မ်(Moisturizer)ကို "Sandwich Method" နည်းလမ်းနဲ့ လိမ်းနည်းပါပဲ။

ဒီနည်းလမ်းရဲ့သဘောတရားက အလွန်ရှင်းပါတယ်။ ပေါင်မုန့်နှစ်ချပ်ကြားမှာ အစာ သွပ်သလိုမျိုး Moisturizer နှစ်လွှာကြားထဲမှာမှ မိမိရဲ့ Treatment ခရင်မ်ကို ညှပ်လိမ်းတာပါ။ ပထမဆုံး မျက်နှာသစ်ပြီးသွားရင် လုံးဝခြောက်အောင်မထားဘဲ စိုစွတ်နေတုန်းမှာ အစိုဓာတ်ထိန်းပေးတဲ့ Moisturizer အပျော့စားလေးကို ပထမတစ်လွှာ ပါးပါးလေး အရင်လိမ်းလိုက်ပါ။ ဒါက အရေပြားရဲ့သဘာဝ Barrier ကို အကာအကွယ်လွှာ တစ်ထပ်ဖြစ်အောင် လုပ်ပေးလိုက်တာပဲဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ အဲ့ဒီ Moisturizer ခြောက်သွားအောင် ခဏစောင့်ပြီးမှ မိမိသုံးနေကျ Retinol (သို့မဟုတ်) အမည်းစက်သက်သာစေတဲ့ အက်စစ်ခရင်မ်ကို ပဲစေ့တစ်စေ့စာလောက် ယူပြီး မျက်နှာအနှံ့ ခပ်ပါးပါးလေး လိမ်းပေးပါ။ တတိယအဆင့်မှာတော့ မိနစ်ပိုင်းလောက်စောင့်ပြီး သင့်ရဲ့ ဒုတိယအလွှာ Moisturizer ကို ထပ်လိမ်းပြီး အပေါ်ကနေ အုပ်လိုက်ရုံပါပဲ။

ဒီလို Sandwich ပုံစံ လိမ်းပေးတာကြောင့် Treatment ရဲ့ အစွမ်းထက်မှုက လျော့မသွားဘဲ အသားအရေ ပူစပ်ပူလောင်ဖြစ်တာနဲ့ နီရဲယားယံတာတွေကို သက်သာစေပါတယ်။ ဒါကြောင့် အာနိသင်ပြင်းတဲ့ Skin Care ပစ္စည်းသုံးချင်ပေမယ့် အသားအရေ ထိခိုက်လွယ်လို့ မသုံးရဲတဲ့ သူတွေအတွက်တော့ ဒီနည်းက အကောင်းဆုံးပါ။

**Daisy**



# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ကွန်ဟိန်း ဩဂုတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့ အမှတ်(၁)အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သဲမာက ကျောင်းသားကျောင်းသူများအား အသိပညာစွမ်းရည်များ တိုးတက်မြင့်မားစေရန် စာအုပ်၊ စာပေများကို လေ့လာဖတ်ရှုဖို့ လိုအပ်ကြောင်း၊ စာအုပ်၊ စာစောင်ဖတ်မှ အသိပညာဗဟုသုတတိုးပွားမည်ဖြစ်ကြောင်း၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ပြီး စာအုပ်၊ စာပေတွေမှရရှိလာတဲ့ အသိပညာဗဟုသုတများနဲ့ မိမိရဲ့ဘဝကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် စာအုပ်များ ငှားရမ်းပေးခြင်း၊ ဖတ်ရှုစေခြင်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ဝိုင်း ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၄**

ကျောင်းသားကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ် ကလေးဘဝမှစတင်၍ စာအုပ်၊ စာပေနှင့်ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်၊ထွက်သွားလာတတ်သည့် အလေ့အထများဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှုအားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ နံနက် ၁၀ နာရီက စာရေးဆရာ မောင်ဘုန်း(သပြု) ရေးသားသည့် 'မေတ္တာစိတ်နဲ့နေမယ်'စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများကို ကြိုးစား သင်ယူလေ့လာရန် လိုအပ်သလို ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်၊ စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြရမည့် အနာဂတ်လူငယ်များ ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဒီနေ့ မေတ္တာစိတ်နဲ့နေမယ်စာအုပ်တွင်ပါရှိသည့် လူဆိုတာယဉ်ကျေးမှုရှိရတယ်။ စိတ်ထားတတ်အောင်ကြိုးစားပါ၊ Negative အချိန်လျှော့ချနည်း၊ အပြစ်တင်နေမယ့်အစား နားလည်ပေးလိုက်ပါ စသည့်အကြောင်းအရာပါ ခေါင်းစဉ်များ၊ ၄င်းစာအုပ်အား ဖတ်ရှုခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများ၊ စာအုပ်၏အနှစ်ချုပ်နှင့် စာအုပ်ပါအကြောင်းအရာများအနက် အဓိကမှတ်သားမိသည့်အကြောင်းအရာများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ စာရေးဆရာ တောင်တွင်းအောင်သက်ဦး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်တို့က စာပေလေ့လာဖတ်ရှုခြင်းသည် ကျောင်းပညာရေးကိုလည်း အထောက်အကူဖြစ်စေပါကြောင်း၊ စာအုပ်၊ စာပေများလေ့လာဖတ်ရှုပြီးပါက စာအုပ်ပါအနှစ်ချုပ်အကြောင်းအရာများ၊ မှတ်သားထားသင့်သည့်အရာများ မှတ်စုစာအုပ်ဖြင့် ရေးမှတ်ရန်လိုပါကြောင်း၊ စာဖတ်ခြင်းဖြင့် အခွင့်အလမ်းများကို ရရှိစေပြီး လုပ်ငန်းခွင် အောင်မြင်မှုကိုလည်း ရရှိစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းသို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဦးမျိုး(မိဿနိုးမြေ)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေ

## ဝါတွင်းကာလ

* နံနက်ခင်းမှာ
ရောင်ခြည်ဖြာစ
ဒါနကောင်းမှုပြုကြစို့။

* ဆွမ်းတော်ဗျို့
မောင်မယ်၊ လူငယ်
သီလပွဲဆွမ်း နှိုးဆော်လို့။

* ရွာဓမ္မာရုံ
တရားနာဖို့
နိဗ္ဗာန်အကျိုးသယ်ပိုးလို့။

* သီလမြဲမြဲ
ကာလမခြား
ဘာဝနာတရား အမြဲပွားများစို့။ ။

**လူပြာထက်**

# ပျက်စီးနေသော လျှပ်စစ်မီးကြိုးများ ပြုပြင်ဆောင်ရွက်

**မန္တလေး ဩဂုတ် ၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊သံလျက်မော်အရှေ့ရပ်ကွက်အတွင်း ပျက်စီးနေသော လျှပ်စစ်မီးကြိုးများကို မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ဩဂုတ် ၃ ရက်က ကွင်းဆင်းပြုပြင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်၍ မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းကာ သံလျက်မော်အရှေ့ရပ်ကွက်၊ ရှခင်းသာရပ်၊ အကွက်(၄၃၄)အတွင်းရှိ လျှပ်စစ်မီးကြိုးများ မကြာခဏရှော့ဖြစ်ပြီး လျှစ်စစ်မီးဘေးစိုးရိမ်ရသဖြင့် လျှပ်စစ်မီးကြိုးများအသစ်ပြန်လည်တပ်ဆင်ခြင်းများကို ရပ်ကွက်နေပြည်သူများနှင့် တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(ဝ၅၆)**






# ကျေးရွာများ၌ တစ်ရွာနှစ်ဧက ကျေးရွာပိုင် စိုက်ခင်းပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ချောက် ဩဂုတ် ၄**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ချောက်ခရိုင်၊ ချောက်မြို့နယ်၊ မိုလာကျေးရွာတွင် တည်ထောင်စိုက်ပျိုးပေးခဲ့သည့် တစ်ရွာနှစ်ဧက ကျေးရွာပိုင် စိုက်ခင်းအတွင်း ပေါင်းရှင်းခြင်း၊ ခါးဆွမြေတောင်မြှောက်ခြင်း စသည့်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်၍ ရေမြေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ ကျေးလက်နေပြည်သူများ သစ်တောသစ်ပင်၏တန်ဖိုးနှင့် အနှစ်သာရကို ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်ချက်ဖြင့် ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိုလာကျေးရွာမှ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြရာတွင် ကျေးရွာပိုင်စိုက်ခင်းနှစ်ဧကတွင် ယူကလစ်ပင် ၃၀၀ ၊ ဒဟတ်ပင် ၃၀၀ ၊စုစုပေါင်း ၆၀၀ ပင်အား စိုက်ပျိုးထိန်းသိမ်းခဲ့ရာ ယခုအခါ ကောင်းစွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စတင်၍ ချောက်ခရိုင်ရှိ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့တွင် ကျေးရွာ ၃၅ ရွာအတွက် ကျေးရွာပိုင်စိုက်ခင်း ဧက ၇၀ အား စိုက်ပျိုးတည်ထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။



**(ဝဲပုံ)ဝင်းအိမ္မွန်(ပြန်/ဆက်)**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား နှစ်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးနှင့် ဘယ်လာရုစ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Consular Mr. Sandra Burnama နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံရုံးမှ Consular Mrs. Koranum Sukome Itilorn နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၄ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေး အရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၃ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး လျှပ်စစ်မီးတိုင်များ စိုက်ထူသွယ်တန်း

**မန္တလေး ဩဂုတ် ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသည် လမ်းအသုံးပြုသည့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့် ရပ်ကွက်နေပြည်သူများနှင့် လမ်းသွားလမ်းလာများ သွားလာမှု လွယ်ကူစေရေးတို့အတွက် လျှပ်စစ်မီးတိုင်များ စိုက်ထူသွယ်တန်းခြင်းကို ချမ်းအေးသာစံမြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်း အဆောက်အအုံနှင့်ကုန်ရုံဌာန တာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နိုင်ဇင်ဝင်းက ပြောကြားသည်။

လျှပ်စစ်မီးတိုင်များ မီးအလင်းရောင်ရရှိစေရေးအတွက် သင်္ဂဇာချောင်းအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် ၂၆လမ်းနှင့် ၃၅ လမ်းကြား၌ ဆောင်ရွက်ခဲ့ရာ အရှေ့ဘက်ခြမ်းတွင် လျှပ်စစ်မီးတိုင် ၆၆ တိုင်၊ အရှည် ၃၇၅၅ မီတာကိုလည်းကောင်း၊ အနောက်ဘက်ခြမ်းတွင် ၆၃ တိုင်၊ အရှည် ၃၇၅၅မီတာတို့ကို ညနေ ၆ နာရီခွဲမှ နံနက် ၅ နာရီခွဲ ထွန်းလင်းနိုင်ရန် Auto System ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ချမ်းအေးသာစံမြို့နယ်၌ သင်္ဂဇာချောင်းအရှေ့ဘက်၊ အနောက်ဘက်တွင် ၂၆လမ်းနှင့် ၃၅ လမ်းကြား၊ ၈၅ လမ်းတွင် ၂၈ လမ်းနှင့် ၃၅ လမ်းကြား၊ ၇၇ လမ်းတွင် ၂၆လမ်းနှင့်၃၅ လမ်းကြား၊ ၇၆လမ်းတွင် လမ်း ၃၀ နှင့် ၃၅လမ်းကြား၊ ၆၈ လမ်းတွင် လမ်း၃၀နှင့် ၃၅လမ်းကြားတို့တွင်လမ်းမီးများ အစားထိုးသွယ်တန်း ဆောင်ရွက်နိုင်ခဲ့ပြီး မီးမလင်းသေးသော ကျန်ရှိသည့်နေရာများကို ဌာနအနေဖြင့် ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းမီးများရေရှည်ထွန်းလင်းကောင်းမွန်စေရေး ရပ်ကွက်နေပြည်သူများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရေး မေတ္တာရပ်ခံထားကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၃)

## မြန်မာအသင်းက လာအိုအသင်းကို ခုနစ်ဂိုး၊ နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၄**

၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စု(B)ပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီခွဲက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် လာအိုလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းက လာအိုလက်ရွေးစင်အသင်းကို ခုနစ်ဂိုး၊ နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အိမ်ကွင်း၌ လာအိုအသင်းကို ခုနစ်ဂိုးအထိ သွင်းယူကာ ဂိုးပြတ်သွင်းယူပြီး ဒုတိယမြောက်

စာမျက်နှာ ၉ သို့ ■



## နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လက်နက်၊ ခဲယမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သည့် တရုတ်နိုင်ငံသား အမျိုးသား ၃၆ ဦးအား ဖမ်းဆီးရမိခဲ့မှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၀ သို့ ✪